

SAMPLE BOOK
လူရွေးပွဲ
သင့်လူ
AUDITION
Ryu Murakami


# လူရွေးပွဲ

## သင့်လူ

mgyoe.com SAMPLE BOOK

# AUDITION

## Ryu Murakami



K0357

mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ပထမအကြိမ် - ဖေဖော်ဝါရီလ၊ ၂၀၁၉ ခုနှစ်။ ကံ့ကော်ဝတ်ရည်စာပေ။
အုပ်ရေ - ၁၀၀၀
မျက်နှာဖုံးပုံနှိပ် - အောင်သိန်းသန်းပုံနှိပ်တိုက် (၀၀၄၃၅)
အမှတ်-၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ် - မျိုးမျိုး ပုံနှိပ်တိုက် (၀၁၅၃၃)
အမှတ်-၁၁၊ ၅၆-လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ - ဇော်မောင်
တန်ဖိုး - ၂၅၀၀ ကျပ်

mgyoe.com

mgyoe.com

SAMPLE BOOK

# လူရွေးပွဲ

သင့်လူ

# Audition

Ryu Murakami



mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# သူ့အကြောင်းနဲ့ သူ့စာတွေအကြောင်း တစေ့တစောင်း

၁၉၅၂ ဖေဖော်ဝါရီ ၁၉ ဖွား၊ နာကာဆာကီ ဆာဆီဘို ဇာတိ၊ အမည်ရင်း ရှူနိုဆူကီ မူရာကာမိ ဆိုတဲ့ ဒီ စာရေးဆရာ။

ဆာဆီဘိုမှာ အထက်တန်းကျောင်း တက်နေကတည်းက ရော့ခ်တီးဝိုင်းထောင်တယ်၊ ဒရမ်တီးတယ်။ ကျောင်းခေါင်မိုးပေါ်မှာ အပေါင်းအသင်းတွေနဲ့ ခံမြေကတုတ်လုပ်ပြီး သောင်းကျန်းလို့ နေအိမ်အကျယ်ချုပ်ကျ၊ ဟာစ်ပီစရိုက် အပြည့်ရှိတဲ့လူ။

၁၉၇၀မှာ အထက်တန်းကျောင်းပြီးတော့ အနုပညာကျောင်း တက်တယ်၊ ပထမနှစ်တင် ကျောင်းထုတ်ခံရလို့ ရော့ခ်တီးဝိုင်းထောင်ခြင်း၊ ဝတ္ထုရေးခြင်း၊ မင်္ဂဇင်းထောင်ခြင်း၊ အယ်ဒီတာလုပ်ခြင်း၊ တီဗွီ ပရိုဂရမ် လုပ်ခြင်း စသည်ဖြင့် အနုပညာ လုပ်ငန်းမျိုးစုံမှာ ကျင်လည်နေခဲ့တယ်။

၁၉၇၆ ကနေ ၂၀၁၅ ထိ ဝတ္ထုပေါင်း ၃၆ အုပ် ရေးသား ထုတ်ဝေခဲ့တယ်။ ၈ အုပ်ကို အင်္ဂလိပ်ဘာသာ၊ ၆ အုပ်ကို ပြင်သစ်ဘာသာ ပြန်ဆိုပြီး နိုင်ငံတကာမှာ ထုတ်ဝေနိုင်ခဲ့တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ခု ဘာသာပြန် တင်ဆက်လိုက်တဲ့ လူရွေးပွဲ ဝတ္ထုကို ၁၉၉၇ မှာ ဂျပန်ဘာသာနဲ့ オーディション (Ōdishon) ထုတ်ဝေခဲ့တယ်။ ၁၉၉၉ မှာ ဂျပန်ဒါရိုက်တာ တာကာရှိ မိကေးက အဲဒီနာမည်နဲ့ပဲ ရုပ်ရှင် ရိုက်ကူးခဲ့တယ်။ အင်္ဂလိပ်ဘာသာကိုတော့ Ralph McCarthy က ပြန်ဆိုခဲ့ပြီး Audition နာမည်နဲ့ ၂၀၀၉ ခုနှစ်မှာ ထုတ်ဝေခဲ့တယ်။

စိတ္တဇ ရင်သိမ့်တုန် အမျိုးအစား Psycho thriller ဝတ္ထုများကို ရေးဖွဲ့ရာမှာ ရူးမူရာကာမိဟာ အင်မတန် ပိုင်နိုင်တယ်။ အာရုံ ထင်မှားမှု၊ မူးယစ်ဆေး သုံးစွဲမှု၊ အိပ်မက်အလား ဆာရီယယ်လစ်ဇင်ဆန်မှု၊ သတ်မှု ဖြတ်မှုတွေကို ဂျပန်နောက်ခံနဲ့ သူ ရောမွှေ ရေးတတ်တာပေါ့။

ခု ဝတ္ထုက ရူးမူရာကာမိကို မြန်မာဘာသာနဲ့ ဘာသာ ပြန်ဆိုရေးသားတဲ့ ဒုတိယမြောက် ဝတ္ထုပါ။ ပထမဆုံး သူ့စာအုပ်ကို ဘာသာ ပြန်ခဲ့တာကတော့ ၁၉၉၄ ခုနှစ်က ဂျပန် ピアッシング (Piasshingu) နာမည်နဲ့ ထွက်ရှိတာကို ၂၀၀၇ ခုနှစ် မှာ Ralph McCarthy ကJ Piercing နာမည်နဲ့ ဘာသာပြန်ထုတ်ဝေခဲ့တဲ့ စူး ဝတ္ထုပါ။ ၂၀၁၆ ဧပြီတုန်းက ထွက်ခဲ့ပါတယ်။ ဒီ စူး ဝတ္ထုကို ၂၀၁၈ မှာ ဟောလီးဝုဒ်က ရုပ်ရှင်ရိုက်နေပါတယ်။ ၂၀၁၉ ဖေဖော်ဝါရီလထဲ ရုံတင်မယ်လို့ သိရပါတယ်။ မင်းသားကတော့ Game of Throne မင်းသား Kit Harington (ဂျွန်စနိုး) နဲ့ အတော်လေး ရုပ်ဆင်တဲ့ Christopher Abbott နဲ့ပါ။

ရူးမူရာကာမိရဲ့ ဝတ္ထုတွေဟာ ဖတ်လို့လည်း ကောင်း၊ ရုပ်ရှင်အဖြစ် ကြည့်လို့လည်း ကောင်းပြီး ရင်သိမ့်တုန် အရသာလည်း ရှိပါတယ်။ ဘဝဒဿန ဆင်ခြင်စရာ ဘာညာသာရကာကတော့ ပါချင်မှ ပါမှာပေါ့လေ။ မဖြစ်ဖြစ်အောင် ဖျစ်ညှစ်ထုတ်ရင်တော့ မပြောတတ်ဘူး။ ဒါပေမဲ့ ဝတ္ထုကိုဖတ် ရုပ်ရှင်ကို ကြည့်တယ်ဆိုတာ အရသာရှိချင်လို့ မဟုတ်လား။ အရသာ ရှိနေရင် တော်ပြီပေါ့နော်။

သင့်လူ

mgyoe.com

mgyoe.com SAMPLE BOOK

# (၁)

"ဘာလို့ နောက်မိန်းမ မယူသေးတာတုံး အဖေရာ"

သူ့သား ရှီဂေးရဲ့ ဒီမေးခွန်းက အာအိုယာမရဲ့ နောက်အိမ်ထောင်ပြုမဲ့ ဆုံးဖြတ်ချက်ကို မီးထိုးပေးလိုက်သလိုပဲ။

လွန်ခဲ့တဲ့ ခုနစ်နှစ်တုန်းက ရှီဂေးအမေ ရီကို ကင်ဆာနဲ့ ဆုံးပါးခဲ့တယ်။ အဲဒီတုန်းက ရှီဂေး အသက် ရှစ်နှစ်၊ အာအိုယာမက ၃၅ နှစ်၊ ငယ်ငယ်နဲ့ဖြစ်တဲ့ ကင်ဆာမို့ ပျံ့နှံ့တာ အင်မတန်မြန်ခဲ့တယ်။ ခွဲစိတ်ကုသမှု ခံယူပြီးပေမဲ့ ချက်ချင်းဆိုသလို ရောဂါပြန်ဖြစ်ပြီး တစ်လအတွင်း ကိစ္စပြီးသွားတော့တာပါပဲ။

"သူ့ခမျာ ဝေဒနာခံစားဖို့ရော၊ ပူဆွေးဝမ်းနည်းဖို့ရော အချိန်တောင်မရလိုက်ရှာပါဘူးကွာ" အဲဒီအချိန်တုန်းက သူငယ်ချင်း အရင်းအချာတစ်ယောက်ကို အာအိုယာမက အဲဒီလို ပြောပြခဲ့တယ်။

ရီကို့အဖေက ဘိုးစဉ်ဘောင်ဆက် တူရိယာတွေ ထုတ်လုပ်တဲ့လုပ်ငန်းလေးတစ်ခုရဲ့ ပိုင်ရှင်။ သူတို့လင်မယား နှစ်ယောက်လုံးဟာ ဂျက်ဖ်နဲ့ကလပ်စစ် ဂီတရဲ့ အမာခံပရိသတ်တွေ၊ ရီကိုက မိဘတွေ အသေအချာပြုစုပျိုးထောင်ခြင်းကို ခံရတဲ့ တစ်ဦးတည်းသော သမီး၊ ယဉ်ကျေးတယ်၊ ထက်မြက်တယ်၊ ထူးထူးကဲကဲ ဆွဲဆောင်မှု ရှိတယ်၊ စိတ်ခံတက်ကြံ့ခိုင် တယ်၊

mgyoe.com

mgyoe.com SAMPLE BOOK

အာအိုယာမကို အဘက်ဘက်က ပံ့ပိုးနိုင်တဲ့ ဇနီးကောင်း တစ်ယောက်။ သူ့ရဲ့ သိတတ်နားလည်မှုနဲ့ အားပေးကူညီမှုတွေ မရခဲ့ရင် အာအိုယာမဟာ ဆယ်စုနှစ်တစ်ခုကျော် လခစားဝန်ထမ်းအဖြစ် လုပ်ခဲ့တဲ့ ဇရာမကြော်ငြာ ကုမ္ပဏီကြီးကို စွန့်ပြီး ကိုယ်ပိုင် ဗွီဒီယိုထုတ်လုပ်ရေး ကုမ္ပဏီကို ဘယ်နည်းနဲ့မှ အောင်မြင်အောင် ပျိုးထောင်နိုင်မှာ မဟုတ်ဘူး။

သူ ကိုယ်ပိုင်လုပ်ငန်း စတဲ့ အချိန်ဟာ ငွေမိုးရွာချနေသလို တစ်နိုင်ငံလုံး စီးပွားရေး မိုးထိုးနေတဲ့ နှစ်ကာလတွေ ဆိုပေမယ့် ဗွီဒီယို ထုတ်လုပ်ရေး လုပ်ငန်းတွေကြားမှာ အပြိုင်အဆိုင်များလှတဲ့အတွက် အာအိုယာမရဲ့ စွန့်စားခန်းဟာ လတော်တော်ကြာအောင် ဒေဝါလီ ခံလုခံခင် အခြေအနေနဲ့ တရွေ့ရွေ့ သွားခဲ့ရတယ်။ အဲဒီအချိန်မှာ သူ့ကို ကယ်တင်ခဲ့တာကတော့ ရိုကို့ အဖေပဲ။ ရိုကို့ အဖေဟာ အရှေ့တောင်အာရှ ဒေသတစ်ခွင်လုံးက ကက်သလစ် ချာ့ချ်ကျောင်းတွေအတွက် လေမှုတ်တူရိယာတွေ ထုတ်လုပ် ဖြန့်ဖြူးပေးရတဲ့ တူရိယာထုတ်လုပ်ရေး လုပ်ငန်းပိုင်ရှင်။ ဗွီဒီယိုခွေတွေဟာ အဲဒီဒေသမှာ ပေါ်ခါစ။ ဓမ္မသစ်ကျမ်းထဲက သခင်ယေရှု အကြောင်းတွေကို အခန်းစဉ်အလိုက် ရိုးရိုးရှင်းရှင်း ရိုက်ကူး၊ ဘာသာစကားအမျိုးမျိုး အသံသွင်းပြီး ယောက္ခမအဘိုးကြီးရဲ့ အဆက်အသွယ်တွေနဲ့ တင်ပို့လိုက်တဲ့အခါ မှာတော့ အခွေ သိန်းချီရောင်းရတဲ့အထိ အလုပ်ဖြစ်သွားခဲ့တယ်။ ယောက္ခမ ကျေးဇူး မြင်းမိုရ်ဦးပေါ့။

မိန်းမအတော်များများမှာ ရှိတတ်တဲ့ ယောကျ်ားကို ကြိုးကိုင် ခြယ်လှယ်ချင်စိတ်မျိုးတွေ ရိုကို့မှာ နည်းနည်းမှ မရှိ။ အာအိုယာမကလည်း အဲဒီအတွက် သူ့မိန်းမကို ချစ်တယ်၊ လေးစားတယ်၊ တန်ဖိုးထားတယ်။ ကြော်ငြာအေဂျင်စီမှာ အလုပ်လုပ်တုန်းက သူ မိန်းမအပေါ် သစ္စာမဲ့ခဲ့တဲ့ နေ့ရက်တွေ ရှိခဲ့ဖူးတယ်။ သခင်ယေရှု ဗွီဒီယိုခွေနဲ့ အောင်မြင်ပြီးခါစမှာ လည်း နိုက်ကလပ်အပျော်မယ် တစ်ယောက်နဲ့ငြိပြီး ဓာတ်ရှုပ်မိလို့ ရှင်းရတာ ယန်းသန်းချီ ကုန်ခဲ့ဖူးတယ်။ ရိုကိုဟာ အဲဒီကိစ္စတွေအတွက် ဘယ်လိုမှ မနေဘူး။ အေးအေးဆေးဆေးပဲ။ ဒါနဲ့ပတ်သက်လို့ အိမ်မှာ အော်ကြီး ဟစ်ကျယ် ရန်ပွဲတွေလည်း မဖြစ်ခဲ့ဘူး။ ရိုကို့အတွက် အမြဲတမ်း ဦးစားပေးက သားဖြစ်သူ ရှိဂေးလေးရဲ့ ကျန်းမာရေးနဲ့ ပညာရေးကိစ္စပဲ။

mgyoe.com

အမြဲအိမ်မှာ ရှိနေတဲ့ မိန်းမ ရုတ်တရက် ချက်ချင်း မြင်ကွင်းထဲကနေ ပျောက်ကွယ်သွားရင် ဘယ်လောက်များ လွတ်လပ်ပေါ့ပါးလိမ့်မလဲလို့ ယောကျ်ားတွေ စိတ်ကူးတတ်ကြတယ်။ မိန်းမက ကလေးတွေ ခေါ်ပြီး မိတ်ဆွေအပေါင်းအသင်းတွေနဲ့ တစ်ပတ်လောက် ပျော်ပွဲစား ခရီးထွက်တယ် ဆိုလို့ကတော့ အိမ်မှာကျန်ရစ်သူ ယောကျ်ားရင်ထဲမှာ ဘုရားပွဲလှည့်မှာပဲလို့ပေါ့။ တကယ်တမ်း အဲလို အခြေအနေနဲ့ ကြုံရလို့ စိတ်လွတ်ကိုယ်လွတ် နေချင်သလိုနေပြီးတဲ့အခါမှ အိမ်ထောင်ရဲ့ ပံ့ပိုးကူညီမှု အထောက်အပံ့ စနစ်ဟာ ဘယ်လောက် အရေးပါတယ်ဆိုတာ သတိပြုမိတတ်ကြတာမျိုး။ ရိုကို့ကို ဆုံးရှုံးလိုက်ရတဲ့အခါ အာအိုယာမ တစ်ယောက် ခွန်အားမဲ့သလို ဖြစ်သွားခဲ့တယ်။ မိတ်ဆွေ ဆရာဝန်နဲ့ ပြကြည့်တဲ့အခါ ဆရာဝန်က သူ့ကို စိတ်ကျရောဂါ ဖြစ်လုနီးနီးလို့ ပြောခဲ့တယ်။

"ခင်ပွန်းဘဝအတွက် တိကျတဲ့ ရည်မှန်းချက် ပန်းတိုင်တွေ မထားခဲ့ရင် တကယ်စိတ်ကျရောဂါသည် ဖြစ်သွားလိမ့်မယ်" လို့ အကြံပေးတဲ့အတွက် အာအိုယာမဟာ အဲဒီအချိန်ကစလို့ ရည်မှန်းချက် ပန်းတိုင်ကြီး နှစ်ခု ချမှတ်လိုက်တယ်။

အဲဒီထဲက တစ်ခုက သူ့သားနဲ့ တတ်နိုင်သမျှ အချိန်ယူပြီး ရင်းရင်းနှီးနှီး နေဖို့ပဲ။ အမေဆုံးရှုံးခဲ့တဲ့ ရှီဂေးလေး ခမျာလည်း သူ့လိုပဲ ချောက်ချားတုန်လှုပ်နေရှာတဲ့အတွက် ဒီအခြေအနေကို သူတို့သားအဖ နှစ်ယောက် ပူးပေါင်းဖြေရှင်းရမယ်ပေါ့။ အာအိုယာမဟာ ဘေ့စ်ဘောနဲ့ လက်အိတ်တွေ ဝယ်တယ်။ ဘေ့စ်ဘောရိုက်တဲ့ အရည်အသွေးကို ဗွီဒီယိုဂိမ်းဆော့ရင်း မြှင့်တင်တယ်။ နှစ်ယောက်သား ရုပ်ရှင်တွေ အတူထိုင်ကြည့်ကြတယ်။ တစ်ယောက်အကြောင်း တစ်ယောက် အသေအချာ သိလာဖို့အတွက် အပတ်ပေါင်းများစွာ အချိန်ယူရတယ်။ သူတို့နှစ်ယောက်အတွက် ကြည်နူးစရာ အချိန်တွေကတော့ ရေကူးချိန်ပဲ။

အိမ်နားက အားကစားကလပ်မှာ အသင်းဝင်လိုက်ပြီး ညနေတိုင်း သူတို့ ရေကူးကြတယ်။ ရှီဂေးက စစချင်းမှာ ရေကို ကြောက်နေတယ်။ သူ့အဖေရဲ့အကူအညီနဲ့ မကြာခင်မှာပဲ ကြောက်စိတ်တွေကို ကျော်လွှားနိုင်လိုက်တယ်။ အာအိုယာမဟာ ရှီဂေးကို လက်ပစ်ကူးနည်း စသင်ပေးတယ်။ နောက်တော့ ပက်လက်ကူး။

mgyoe.com

mgyoe.com

ရိုကို ဆုံးပြီး ခြောက်လအကြာမှာတော့ ရှီဂေးဟာ မီတာတစ်ရာ လက်ပစ်ကူးနည်းကို ကျွမ်းကျင်နေခဲ့ပြီ။ နောက်ဆုံးတော့ သူတို့ သားအဖ နှစ်ယောက် ပြန်လည်နာလန်ထူနိုင်ခဲ့ပြီလို့ အာအိုယာမ သိလိုက်တယ်။ ရိုကိုက ဆောင်းလယ်ကာလမှာ ဆုံးခဲ့တာ ခု မိုးတွင်း ရောက်လာခဲ့ပြီ။ အားကစား ကလပ်ရဲ့ ကားပါကင်ကို ဖြတ်လျှောက်ရင်း အဆုပ်လိုက်အခဲလိုက် ပွင့်နေတဲ့ ဗေဒါပန်းကလေးတွေကို ရှီဂေးက လက်ညှိုးထိုးပြရင်း–

"လှတယ်နော် ဖေဖေ" လို့ ပြောရှာတယ်။ အင်း...တကယ်ပဲ လှပါတယ်။ ခရမ်းရောင် ပန်းဗေဒါလေးတွေဟာ ရေကူးပြီး ပန်းလျှနေတဲ့ ခန္ဓာကိုယ်ကို အပန်းပြေနိုင်စေလောက်တဲ့ မျက်စိပသာဒ အာရုံပဲလို့ အာအိုယာမ တွေးမိတယ်။ ပန်းလေးတွေရဲ့ အလှတရားလို ကိစ္စမျိုးတွေကို နှစ်သက်သဘောကျလောက်အောင် သူတို့သားအဖနှစ်ယောက် မခံစားနိုင်ခဲ့တာ ကြာပြီပဲ။

သူ့ရဲ့ ဒုတိယမြောက် ရည်မှန်းချက် ပန်းတိုင်ကတော့ ဂန္ထဝင်မြောက် ပိုက်အော်ဂင် လေမှုတ်တူရိယာ ပညာရှင်ကြီးကို ဂျပန်ခေါ်ခဲ့ဖို့ ဖြစ်တယ်။ အင်မတန် လူသိများ ထင်ရှားပေမဲ့ တစ်ခါမှ စီးပွားရေးဆန်ဆန် ပွဲလုပ်ပြီး ဖျော်ဖြေတာမျိုး မလုပ်တဲ့ လေမှုတ်တူရိယာ ပညာရှင် အမျိုးသမီးကြီးဟာ တစ်သက်လုံး အရှေ့ဂျာမနီကနေ တစ်ဖဝါးမှ မခွာခဲ့ဖူးဘူး။ အာအိုယာမဟာ ခရစ်ယာန်ဘာသာ သမိုင်းကြောင်း၊ ဂန္ထဝင် ဂျာမန် ဂီတပညာရှင်ကြီး ဘတ်ချ်ရဲ့ ဘဝဇာတ်ကြောင်း၊ အလယ်ခေတ် ဥရောပ သမိုင်းကြောင်းတွေကို မွှေနှောက်လေ့လာပြီးတဲ့အခါ ဂီတပညာရှင် ဂျာမန်အမျိုးသမီးကြီးဆီကို စာရှည်ကြီး တစ်စောင် ရေးတယ်။ စာကို ဂျာမန်ဘာသာ ပြန်ခိုင်းတယ်။ ကိုယ်တိုင်လည်း ဂျာမန်ဘာသာစကားကို လေ့လာတယ်။ အကယ်၍သာ သူ ဖျော်ဖြေခဲ့မယ်ဆိုရင် ပွဲစီစဉ်နိုင်မဲ့နေရာတွေကို တင်ကြို စနည်းနာတယ်။ ဒီအကြောင်းပြောတိုင်း တခြားလူတွေရဲ့ ရယ်သွမ်းသွေးခြင်း ခံရတာလည်း အကြိမ်ကြိမ်ပဲ။ ဒါပေမဲ့ ဖြစ်အောင်လုပ်ဖို့ အာအိုယာမ ဆုံးဖြတ်ပြီးသား။ ပြန်ဖို့မပြောနဲ့ ဖတ် မဖတ်တောင်မသိဘဲ နှစ်နှစ်ကျော်ကျော် စာတွေပို့ပြီး ချိန်မှာတော့ အာအိုယာမ တစ်ယောက် ပြန်စာကို ရခဲ့တယ်။ ဖျော်ဖြေပွဲ ကျင်းပဖို့ မဖြစ်နိုင်ပါဘူးလို့ ယဉ်ယဉ်ကျေးကျေးနဲ့ ရိုးရိုးလေး ရေးထားတဲ့

mgyoe.com

ပြန်စာကို ရတယ်ဆိုရင်ပဲ အာအိုယာမ ဝမ်းသာလုံးဆို့ပြီး မျက်ရည်ဖြိုင်ဖြိုင်ကျရတယ်။ သူ့ အဘွားကြီးဆီ စာတွေ ဆက်ရေးတယ်။ အကောင်းဆုံးတူရိယာနဲ့ သူ ဖန်တီးပြတဲ့ ဂီတသံစဉ်တွေကို နောင်လာနောက်သားတွေနဲ့ ခရစ်ယာန်သာဝက အားလုံးအတွက် ရုပ်သံဖမ်းယူထားနိုင်ဖို့ဆိုတာ သမိုင်းပေးတာဝန်ဖြစ်ကြောင်း ဘာညာသာရကာပေါ့။ တကယ်တော့ အာအိုယာမဟာ ခရစ်ယာန်ဘုရားသခင်ကို မယုံပါဘူး။ ဒါပေမဲ့ ယေရှုဘဝ ဇာတ်ကြောင်း ဗွီဒီယို ထုတ်လုပ်ဖြန့်ချိခဲ့တဲ့ အတွေ့အကြုံက သူ့ကို အများကြီး အကျိုးပြုခဲ့တယ်။ ဒါကြောင့်မို့ ပထမဆုံးစာရေးပြီး ငါးနှစ်အကြာမှာ ဂျာမန်ဂီတပညာရှင် အမျိုးသမီးကြီးကို တကယ်ပဲ ဂျပန်ခေါ်ပြီး ဖျော်ဖြေပွဲ ကျင်းပနိုင်ခဲ့တယ်။ မေဂျီရိုက ဂီတကျောင်းမှာ တစ်ကြိမ်တည်းသာ အခမဲ့ ဖျော်ဖြေတဲ့ ဒီပွဲကို ရုပ်ရှင်နဲ့ရော ဗွီဒီယိုနဲ့ပါ မူပိုင်မှတ်တမ်းတင်ခွင့် ရလိုက်တာက အာအိုယာမပေါ့။ ဒီကိစ္စနဲ့ ပတ်သက်လို့ အကျေနပ်ဆုံးကတော့ ရိုကို့ အဖေကြီးပဲ။ ရိုကို့အဖေဟာ သူ့သမက်လုပ်လိုက်တဲ့ ဒီကိစ္စရဲ့ အဓိပ္ပာယ်သင်္ကေတကို ကောင်းကောင်းနားလည်တယ်။ ရိုကို့ကို နောက်ဆုံးအကြိမ် နှုတ်ဆက်ပြီး ဘဝသစ် စတော့မယ်ဆိုတဲ့ သဘောပေါ့။

ရှိဂေးဟာ အသက် ဆယ့်ငါးနှစ် ရှိပြီ။ ၁၇၄ စင်တီမီတာရှိတဲ့ အာအိုယာမရဲ့ အရပ်ထက်တောင် သူ့အရပ်က ပိုမြင့်နေပြီ။ ပက်လက်ကူး၊ လက်ပစ်ကူး နှစ်မျိုးလုံးမှာ အာအိုယာမထက် သာနေပြီ။ အမေနဲ့ အသွင်အပြင်ရော အမူအကျင့်ပါ တူလှတဲ့ ရှိဂေးဟာ ရိုကို ဆုံးပြီး နောက်တစ်နှစ်ကစလို့ သားအဖနှစ်ယောက် ကစားကြတဲ့ တင်းနစ်အားကစားမှာလည်း မြန်မြန်ဆန်ဆန်ကို တိုးတက်လာခဲ့တယ်။ ဆူဂျီနာမိ ရပ်ကွက်က ရှစ်ရာစတုရန်းမီတာရှိတဲ့ အိမ်မှာ သူတို့သားအဖ နှစ်ယောက်အတူတူနေကြတယ်။ ဒီအိမ်ကို ရိုကို့အဖေရဲ့ မိတ်ဆွေဆီက ငှားထားတာ။ ပိုင်ရှင်က အောင်မြင်တဲ့ တေးသီချင်းတွေ အများကြီး ရေးစပ်ခဲ့ဖူးတဲ့ တေးရေးဆရာကြီး တစ်ယောက်။ ခုတော့ ဖူဂျီယာမတောင်ခြေက ရေပူစမ်းပါတဲ့ အပန်းဖြေအိမ်ကလေးမှာ နေတယ်။ ငှားခ တစ်လ ယန်းခြောက်သိန်းလောက်ကို ခုတော့ လုပ်ငန်းအခြေကျနေတဲ့ အာအိုယာမဟာ စကားထဲ ထည့်ပြောနေစရာ မလိုတော့ဘူး။ ရှိဂေးဟာ မေဂျီလမ်းက သူ့ရုံးမှာ ဝန်ထမ်း ၁၄ ယောက်လောက်နဲ့ ကောင်းကောင်းလည်ပတ်နေပြီကိုး။

mgyoe.com

mgyoe.com
SAMPLE BOOK


ရှိဂေးကတော့ တိုကျိုအနောက်ပိုင်းက ပုဂ္ဂလိက အထက်တန်းကျောင်း တစ်ခုမှာ တက်နေတယ်။ အင်္ဂလိပ်စာနဲ့ ဇီဝဗေဒကို အထူးပြုပြီးတော့ လေ့လာနေတယ်။ သူငယ်ချင်းတွေလည်း အများကြီး ရနေပြီ။ နွေလယ် တနင်္ဂနွေ တစ်နေ့လယ်မှာ သားအဖနှစ်ယောက် တီဗွီကနေ အမျိုးသမီး မာရသွန်ပွဲ ထိုင်ကြည့်နေကြတုန်း အစမှာ ပြောခဲ့တဲ့ မေးခွန်းကို ရှိဂေးက အာအိုယာမ ကို မေးခဲ့တာပဲ။

တီဗွီထားတဲ့ ဧည့်ခန်းဟာ အိမ်ရဲ့ ပထမထပ် တစ်ထပ်လုံးနီးပါး နေရာယူထားတယ်။ ရောမဆိုဖာကြီးရယ်၊ စားပွဲပုကြီးရယ်၊ ၂၇ လက်မ တီဗွီရယ်၊ အသံထွက်စက် အစုံအလင်ရယ်၊ မဟော်ဂနီ အရက်ဘားအကြီးကြီးရယ်။ အာအိုယာမဟာ ဆိုဖာပေါ် ခြေပစ်လက်ပစ်လှဲရင်း ဘီယာတစ်ဘူးမြှံ့နေတယ်။ ဇာခန်းဆီးတပ် ဆွဲမှန်တံခါးတွေရဲ့ အပြင်ဘက်က ဥယျာဉ်လေးကို လှမ်းမြင်နေရတယ်။ လွန်ခဲ့တဲ့ အတိတ်ကာလတုန်းက ရိုကို ပြုစုပျိုးထောင်ခဲ့တဲ့ ဥယျာဉ်လေးပေါ့။ အိမ်ထိန်း ရီးစံက ဥယျာဉ်ထဲမှာ။ ဘီးဂဲလ်အမျိုးအစား ခွေးလေး ဂန်းစတားက ရီးစံကို လှည့်ပတ်ပြေးနေတယ်။ ရီးစံက အသက် (၄၉) နှစ်လောက် ရှိပြီ။ ထွားထွားကျိုင်းကျိုင်း၊ သဘောကောင်း မနောကောင်း မိန်းမကြီး။ ကဗျာဆန်ဆန် ပြင်သစ် ရှန်းစွန်း သီချင်းတွေ ကြိုက်တဲ့၊ ခရီးသွားရတာ နှစ်ခြိုက်တဲ့၊ ဖျူရှုတာ(ဂျပန်ဘော့စ်ဘောအကျော်အမော်)ကို သဘောကျတဲ့ ပျံလွှားငှက်ဖမ်း ဝါသနာရှင် တစ်ယောက်ပေါ့။ လွန်ခဲ့တဲ့ လေးနှစ်လောက်က ရီးစံကို အေဂျင်စီ တစ်ခုကနေ ငှားခဲ့တာ။ ရီးစံ နေတာက အိမ်နဲ့နီးတာက တစ်ကြောင်း၊ ရှိဂေးနဲ့ သူ ပလဲနံပ သင့်တာက တစ်ကြောင်း၊ အလုပ်လုပ်လို့ အဆင်ပြေတာက တစ်ကြောင်း နှစ်ရှည်ငှား ဖြစ်သွားတယ်ပေါ့။

အမျိုးသမီး မာရသွန်ပွဲစလို့ မိနစ်နှစ်ဆယ်လောက်အကြာမှာ ရှိဂေး ဧည့်ခန်းထဲ ဝင်လာတယ်။ ဆိုဖာမှာ ဝင်လှဲရင်း အဖေ ဘာတွေကြည့်နေတာလဲ လို့ မေးတယ်။

လွန်ခဲ့တဲ့ ခြောက်လလောက်ကစလို့ ရှိဂေးဟာ အာအိုယာမကို ဖေဖေ ခေါ်နေရာက အဖေလို့ ပြောင်းခေါ်တယ်။ အာအိုယာမက ထထိုင်ရင်း စီးကရက်တစ်လိပ် ဆွဲထုတ်နေတယ်။ ပြီးတော့ သူ့သားကို မေးတယ်။

"အမယ်… တနင်္ဂနွေမှာ အိမ်မြဲလို့ပါလားကွ"

mgyoe.com

mgyoe.com  SAMPLE BOOK 

"ဟုတ်ဘူး၊ ခဏနေ အပြင်ထွက်မှာ၊ ခု အပြင်မှာပူလွန်းလို့ နေပါဦး၊ ဒါက ဘာတုံး"

"ဘာလဲ"

"အဖေ မာရသွန်ပွဲ ကြည့်ရတာ ကြိုက်တယ်လို့ ကျွန်တော် မသိခဲ့ဖူးပါဘူး"

"ငါ မကြိုက်ပါဘူး"

"ဒါဆို…"

"သြော်… ဒါက မိန်းမတွေ ပြိုင်နေတာလေ"

"ဟာ… လှလှပပလဲ တစ်ယောက်မှမပါဘဲနဲ့၊ အကုန်လုံး အရိုးနဲ့ အရေတွေချည်းပဲကို"

"အင်း… ဒါပေမဲ့ အဲဒီ အရိုးနဲ့ အရေ မိန်းမတွေက မာရသွန်ပွဲဆို ယောကျ်ားတွေကို နိုင်အောင် ပြေးနိုင်သကွ"

"ဘာလို့တုံး"

"ဇီဝကမ္မဗေဒတို့၊ ခန္ဓာကိုယ်ရဲ့ အဆီပါဝင်မှု အချိုးအစားတို့ ဒါတွေကြောင့်ပေါ့။ တစ်နေ့နေ့တော့ အမျိုးသမီး တစ်ယောက်ဟာ ကမ္ဘာ့အမြန်ဆုံး မာရသွန်အပြေးသမားဘွဲ့ကို ဆွတ်ခူးနိုင်မဲ့ သမိုင်းဝင်နေ့ကို မြင်ရမယ်လို့ မျှော်လင့်နေမိတယ်။ ဒီနေ့တော့ ဖြစ်ချင်မှ ဖြစ်မှာပေါ့။

"ဒါပေမဲ့…"

ရှီဂေးက ခေါင်းယမ်းရင်း ဖြတ်ပြောတယ်။

"အဖေ နေရတာ ဘယ်လိုဖြစ်…"

"ကောင်းပါတယ်။ ဒါပေမဲ့ တခါတလေတော့ ဦးနှောက် အနားပေးရတာပေါ့"

"ဒါနဲ့ ဥစဘက်ကစ္စတန်က အပြေးသမတွေ ပါသေးလား"

"ဟင်… ဘာဖြစ်လို့လဲ"

"ရထားပေါ်မှာ တစ်ခါတလေ တွေ့တွေ့နေတဲ့ ကောင်မလေး အဖေရ၊ သိပ်လှတယ်၊ ဒါနဲ့ အရဲစွန့်ပြီး စကားသွားပြောတော့ သူက ဥစဘက်ကစ္စတန်ကတဲ့၊ သူနာပြုကျောင်း တက်ရင်း တာချိကာဝါက ကိတ်မုန့်ဆိုင်မှာ အလုပ်လုပ်နေတာတဲ့။ တကယ်လှတာ အဖေရာ သိလား။

mgyoe.com

mgyoe.com  SAMPLE BOOK 

ကျွန်တော့်ကျောင်းက ဟာမတွေများ ရုပ်ဆိုးချက်က ပြောမနေနဲ့၊ အလယ်တန်းကျောင်းတုန်းကတော့ လှတပတလေးတွေ ရှိသား။ ခု ဘယ်နား ရောက်ကုန်မှန်း မသိပါဘူး"

ရှေ့ဆုံးအုပ်စုထဲက ဂျပန် အပြေးသမ နှစ်ယောက်ကို ကင်မရာတွေက စူးစူးစိုက်စိုက် ချိန်ပြီး ရိုက်နေတယ်။ နှစ်ယောက်လုံး ရိုးရိုးရှင်းရှင်းနဲ့ ကြည့်ကောင်းပါတယ်။ လွန်ခဲ့တဲ့ နှစ်တွေတုန်းက ဆွဲဆောင်မှုရှိတဲ့ ဂျပန် မာရသွန်မယ် တစ်ယောက်ကို သတိထားမိဖူးတယ်။ အိုလံပစ်ပွဲ တစ်ခုမှာပဲ ဘာစီလိုးနားလား၊ ဆိုးလ် အိုလံပစ်လား တစ်ခုခုပဲ။ ရှိဂေးကို တစ်ခုခု ပြန်ပြောဦးမှ။

"အင်း… မိန်းမလှလေးတွေဆိုတာ ရောင်စုံပိုးတောင်မာကောင်လို၊ ကျားသစ်နက်လို၊ မက်ဒါဂါစကာမှာ တွေ့ခဲ့ကြတဲ့ သမိုင်းဦးခေတ်က ကိုလကန့်ငါးလို ရှားပါးပစ္စည်းကွ၊ ရောင်စုံပိုးတောင်မာကောင်ကို လမ်းပေါ်မှာ အလွယ်တကူ ဘယ်တွေ့လိမ့်မလဲ၊ သစ်တောတွေထဲ၊ သစ်ပင်တွေကြား တကူးတက လိုက်ရှာရတာ မဟုတ်လား"

"အိမ်မွေးတိရစ္ဆာန် အရောင်းဆိုင်မှာ ရှိပါတယ် အဖေရာ"

"ဈေးသိပ်ကြီးတယ်လေ"

"အင်း… ဒါဆို မိန်းမလှလေးတွေက ဘယ်မှာ ရှိမှာလဲ"

"ဖူဂျီ တီဗွီရဲ့ ဧည့်ခန်းတွေထဲမှာ၊ ဒါမှမဟုတ် မီးမှိန်မှိန်လေး ထွန်းထားတဲ့ ရော့ပ်ပုန်းဂီး မြေအောက်ကလပ်တွေထဲမှာ၊ ဒါပေမဲ့…"

အာအိုယာမက ခဏ ဆိုင်းလိုက်တယ်။

"သူတို့ကလည်း ဘဝပျက်လောက်အောင်ကို တန်ကြေးကြီးတာပါပဲ"

ရှိဂေးဟာ သူ့အမေဆီက အစဉ်အလာ ယဉ်ကျေးမှုစံတွေကို တန်ဖိုးထားတတ်တဲ့ ဉာဉ်ကလေး အမွေရထားပုံပါပဲ။ ဘာမှ စောဒက မတက်ဘူး။ သူတို့နှစ်ယောက် မာရသွန်ပြိုင်ပွဲကို တိတ်တိတ်ဆိတ်ဆိတ် ကြည့်နေကြတယ်။ မာရသွန်ပွဲတွေအပေါ်ထားတဲ့ သူ့ရဲ့ သဘောထားဟာ ပြောင်းလဲလာတယ်လို့ အာအိုယာမ စဉ်းစားနေမိတယ်။ ငယ်ငယ်တုန်းက တိုကျိုအိုလံပစ်မှာ အာဘီဘီ ဘီကီလာ ပြိုင်ပွဲဝင်တာကို ကြည့်ခဲ့ရတုန်းက မာရသွန်

mgyoe.com

mgyoe.com  SAMPLE BOOK 

ဆိုတာ တစ်စုံတစ်ခုရဲ့ သင်္ကေတပဲလို့ သူ အာရုံရခဲ့ဖူးတယ်။ အပြေးသမား တွေရဲ့ အိပ်မက်တွေ၊ မျှော်လင့်ချက်တွေကို ဖော်ထုတ်ရတာ အလွယ်သားပဲ။ ဂျပန်ဆိုတဲ့ တိုင်းပြည်ကလည်း ယန်းကို အပြည်ပြည်ဆိုင်ရာ သုံးငွေ ဖြစ်စေရေး ဆိုတဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုမှာတင် ရင်းနှီးမြှုပ်နှံတာ မဟုတ်ဘူး။ တိုင်းသူပြည်သား တစ်ဦးချင်းစီဟာ တစ်နည်းနည်းနဲ့ တစ်နေရာရာမှာ ရင်းနှီးမြှုပ်နှံဖို့ကို အားပေးတဲ့ နိုင်ငံမျိုးကိုး။ အထူးသဖြင့်တော့ သတင်း အချက်အလက်မှာပေါ့။ သတင်းအချက်အလက်ကို ရယူနိုင်စွမ်း ဆိုတာက အင်မတန် အရေးကြီးတယ်။ မရှိမဖြစ် လိုအင်တွေ ဖြစ်တဲ့ အစားအသောက်၊ အဝတ်အထည်၊ ဆေးဝါးတွေကို ရယူနိုင်စွမ်းနဲ့တင် ပြီးတာမှ မဟုတ်တာ။ ဒုတိယကမ္ဘာစစ်ပြီးလို့ နှစ်နှစ်၊ သုံးနှစ်လောက်အတွင်းမှာ ဂျပန်ဟာ အငတ် ပြဿနာကို ဖြေရှင်းနိုင်ခဲ့တယ်။ ဒါပေမဲ့ အပြင်းအထန် သေလုမြောပါး အလုပ်လုပ်တဲ့ အကျင့်က ဂျပန်တွေမှာ စွဲကျန်ခဲ့တယ်။ အလုပ်မလုပ်ရင် ငတ်တော့မလိုကို လုပ်တာ။ ဘာလို့ အဲဒီလောက် အလုပ်လုပ်နေတာလဲ။ ပေါကြွယ်ဝတဲ့ ဘဝတွေ ဖြစ်လာစေဖို့လား။ တကယ်လို့ အဲဒီအတွက် ရည်ရွယ်တယ်ဆိုရင် ဘယ်မတုံး ပေါကြွယ်ဝမှု၊ ဘယ်မတုံး ကျယ်ကျယ် လွင့်လွင့်နေနိုင်တဲ့ အိမ်ခြံမြေ နေရာတွေ။ မနက် မနက် ရထားတွေပေါ်မှာ ငါးပိသိပ် ငါးချဉ်သိပ် သွားလာရင်း ဘယ်နှိတ်ိုက် သတ္တဝါထက်မဆို သေဖို့ရန် လမ်းပိုများတဲ့ လူတွေ အုံခဲလို့ပဲ။ ဒါကြောင့် သိသာတာကတော့ ဂျပန်တွေဟာ ပိုကောင်းတဲ့ ဘဝတွေကို လိုချင်တာ မဟုတ်ဘူး။ ပိုမိုများပြားတဲ့ အရာဝတ္ထု ပစ္စည်းတွေကို သတင်းအချက်အလက်ပုံစံနဲ့ လိုချင်ကြတာပဲ။ လိုချင်တာ လက်တစ်ကမ်းအကွာမှာ ရှိနေပြီး သတင်းအချက်အလက် စီးဆင်းမှုဟာ အင်မတန် ချောမွေ့မြန်ဆန်လာတဲ့ အခါမတော့ မူလအာသီသတွေ ပျောက်ကွယ် ကြရပြန်တယ်။ လူတွေအဖို့ ပျော်ရွှင်မှုဆိုတာ သူတို့ လက်လှမ်းမမီတဲ့အရာလို့ ထင်လာကြပြီး အင်အားကောင်းလှတဲ့ ဧကစာ ဘဝပုံစံအသစ်တစ်မျိုး ဖြစ်ထွန်းလာတယ်။ အထီးကျန်မှုနဲ့ စိတ်ဖိစီးမှု၊ လက်ပန်းကျမှုတွေ ပေါင်းစပ် လိုက်တဲ့အခါမတော့ ရှုးသွပ်မှုပေါင်းစုံ ကြုံလာတော့တာပေါ့။ ဘာမှန်း မသိတဲ့ စိုးရိမ်ထိတ်လန့်မှုတွေ များလာတယ်။ အဲဒီ စိုးရိမ်မှုတွေ ပျောက်အောင် ကြိုးစားရင်း အဆုံးစွန် ကြမ်းတမ်းတဲ့ လိင်မှုကိစ္စတွေ၊ အကြမ်းဖက်မှုတွေ၊

mgyoe.com

mgoe.com  SAMPLE BOOK 

လူ့သတ်မှုတွေဆီ ဦးတည်လာခဲ့ကြတယ်။ အရင်တုန်းက မာရသွန်ပွဲတွေ ကြည့်ရင် အားလုံးဟာ အခြေခံကျတဲ့ စိတ်အားတက်ကြွမှုတွေ။ မျှော်မှန်းချက်တွေ ကိုယ်စီနဲ့ မျှဝေ ခံစားနေခဲ့ဖူးတယ်။ ခုတော့ လူတိုင်းဟာ ကိုယ့်ပုဂ္ဂလ မိဋ္ဌာန် အကြောင်းပြချက် ကိုယ်စီနဲ့ပဲ ရှင်သန်လှုပ်ရှားနေတော့တယ်ပေါ့။ အာအိုယာမလို ဂျပန်မျိုးဆက်ဟောင်းတွေအတွက်တော့ ဒီအခြေအနေဟာ ဆေးခါးကြီး မျိုရသလိုပါပဲ။ ဒါပေမဲ့…

သူ့ရဲ့ အတွေးရထားအမျှင်တန်းကြီးကို ဖြတ်တောက် နှောင့်ယှက်သူကတော့ သားတော်မောင် ရှီဂေးပေါ့။

"ဘာလို့လဲ အဖေ… အဖေ နောက်မိန်းမ ထပ်ယူလို့ ရတာပဲကို"

ရှီဂေးက အဲဒီညမှာ သူငယ်ချင်းတစ်ယောက်အိမ်ကို သွားနေခဲ့တဲ့အတွက် အာအိုယာမဟာ ညစာကို တစ်ယောက်တည်း စားရတယ်။ ရီးစံက ထမင်းအိုး တည်ပေးသွားပြီးသား။ အိမ်နားက ဒလီကိတ်ဆန်ကို သူလမ်းလျှောက်သွားလိုက်တယ်။ နိုင်ငံခြားက တင်သွင်းတဲ့ အစားအသောက်မျိုးစုံရတဲ့ လက်လီဆိုင်ကြီးပေါ့။ ပြင်သစ်က လာတဲ့ ဘဲကင်ရယ်၊ ဆယ်လ်မွန် ကျပ်တိုက်ရယ်၊ မှိုတွေရယ် ဝယ်လိုက်တယ်။ အချက်အပြုတ် ဝါသနာမပါပေမဲ့ ကိုယ်စားဖို့ ကိုယ်ပြင်ရတာကိုတော့ ဒုက္ခလို့ သူ မခံယူပါဘူး။ အိမ်ရောက်တာနဲ့ မှိုတွေကို သူ ပြုတ်တယ်။ ဂိနိုရီ ပန်းကန်ပြားပေါ် တင်တယ်။ ဆယ်လ်မွန်ကျပ်တိုက်ကို မှိုတွေပေါ် တင်တယ်။ စားမြိန်ရည်ဆမ်း၊ ငရုတ်ကောင်းတွေ ဖြူး၊ ရှောက်သီးစိတ်ကလေး တင်၊ ပဲပိစပ်လေး ထပ်ထည့်။ ရေခဲသေတ္တာထဲမှာ ဘီယာအမျိုးအစား တစ်ဒါဇင်ထက်မနည်း ရှိတယ်။ ခေတ်ဟောင်းတုန်းက စိတ်ကူးနဲ့တောင် မသောက်နိုင်တဲ့ ဘီယာမျိုးတွေပေါ့။ ဘယ်လ်ဂျီယံ ဘီယာ သောက်မယ်လို့ စိတ်ကူးလိုက်ပြီး တစ်ဘူးဖွင့်လိုက်တယ်။

ဂျာမန် လေမှုတ်တူရိယာ ပညာရှင်ကြီးနဲ့ တွေ့ဖို့သွားတုန်းက အရှေ့ဂျာမနီက လစ်ပ်ဇစ် နဲ့ ဘာလင်ကြား ဝတ်တင်ဘက်ခ်ဆိုတဲ့ မြို့လေးမှာ သူ သုံးပတ်လောက် နေခဲ့ရဖူးတယ်။ အစားအသောက်နဲ့ အသုံးအဆောင်ပစ္စည်းတွေ ရှားပါးလှပေမဲ့ အယ်လ်ဘီ မြစ်ကမ်းနဖူးပေါ်က ဒီမြို့လေးဟာ လှချက်ကတော့ ပက်စက်တယ်ဆိုတဲ့ အထဲကပဲ။ မြို့ကြီးပြကြီး မဟုတ်တဲ့အတွက်၊ နိုင်ငံခြားသားတွေ ဝယ်ဖို့ခြမ်းဖို့ စူပါမားကက်တွေ ဘာမှ မရှိတဲ့

mgoe.com

mgyee.com

အတွက် မနက်တိုင်း ပေါင်မုန့်ရယ်၊ ယာသမားတွေ ရောင်းတဲ့ ခြံထွက်သီးနှံတွေရယ်၊ အသားရယ်၊ အိမ်မှာတင်ဖောက်တဲ့ ဘီယာရယ် ဝယ်ဖို့ မြို့ခံတွေနဲ့ တူတူ တန်းစီရတယ်။ သုံးပတ်လုံးလုံး အပြောင်းအလဲမရှိ ဒီပုံစံအတိုင်းပေမဲ့ အဲဒီတုန်းကတော့ ပျင်းရိငြီးငွေ့တာမျိုး နည်းနည်းမှ မခံစားရဘူး။ နေ့လယ်တိုင်း သူ အဘွားကြီးဆီ ဖုန်းခေါ်တယ်။ အဘွားကြီးက မြို့စွန်တောင်ကုန်းလေး တစ်ခုထိပ်မှာ ကျောက်တုံးအိမ်လေးနဲ့ တစ်ကိုယ်တည်းနေတာ။ အဘွားကြီးကို သူ ဖျော်ဖြေပွဲအကြောင်း တစ်လုံးမှ မဟဘဲ ခြေတစ်ပေါင်ကျိုး ဂျာမန်စကားနဲ့ ရောက်တတ်ရာရာတွေ လျှောက်ပြောတယ်။ ပြီးရင်တော့ အယ်လ်ဘီမြစ်ကမ်းပါးက ကျောက်တုံး စီထားတဲ့ လမ်းကလေးပေါ် လမ်းသလား၊ ဒါမှမဟုတ် ဒုတိယကမ္ဘာစစ်တုန်းက ရုရှစစ်သားတွေ ချန်ရစ်ခဲ့တဲ့ ကျည်ခွံတွေ လိုက်ကောက်၊ ညနေတိုင်း ညစာကို ကိုယ့်ဟာကိုယ် ပြင်ဆင်ရတယ်။ သူငှားနေတဲ့ အိမ်ပေါက်စကလေးက ဂက်စ်မီးဖိုဟာ တကယ့်ကို အဖိုးတန် ရတနာတစ်ပါးလိုပဲ။ မီးညှိရခက်ပေမဲ့ ထွက်လာတဲ့ အပြာဖျော့ဖျော့ မီးတောက်ကလေးကို ဘယ်တော့မှ ငေးလို့ မဝခဲ့ဘူး။ အဲဒီ ရက်ကာလများဟာ အာအိုယာမအဖို့ ရည်မှန်းချက်တွေ အမှန်တကယ် ပြည့်လျှံနေတဲ့ ကာလပါပဲ။ အဲဒီ ခံစားချက်တွေက သူ့ကို ပြောင်းလဲစေခဲ့တယ်။ ပြောစမှတ်ပြုရမဲ့ ဂီတဖျော်ဖြေပွဲအတွက် စီမံကိန်းဆွဲနေရတဲ့ စိတ်ကျေနပ်မှုဟာ ဘာနဲ့မှ မလဲနိုင်ဘူး။ အရင်လုပ်နေကျ ရောင်းတမ်းဗီဒီယိုတွေ၊ တီဗီကြော်ငြာတွေ လုပ်ရတာနဲ့ တခြားစီပဲ။

အလုပ်ကိစ္စကြောင့်ချည်းတော့ မဟုတ်ဘူး။ ရိုကို ကျန်းမာစဉ်က ဂေါ်လီဆန်ဆန်နေခဲ့တဲ့ သူ့ဘဝ နေပုံထိုင်ပုံကို သူ စိတ်ကုန်လာတာကြောင့်လည်း ပါလိမ့်မယ် ထင်တယ်။ ဒီလိုပြောလို့ အာအိုယာမဟာ လိင်ကိစ္စကို ဝေယျာဝစ္စ လုပ်တယ်လို့ ဆိုလိုတာတော့ မဟုတ်ဘူး။ မိန်းမဖော် တစ်ယောက်ရဖို့ ကလပ်တွေ၊ ဘားတွေ ပေါလွန်းလို့၊ အလုပ်ထဲမှာလည်း မိန်းမတွေနဲ့ တွေ့ဖို့ အခွင့်အရေးအများကြီးရယ်။ ဒါပေမဲ့ ဘယ်တစ်ယောက်နဲ့မှ ဇာတ်လမ်း မဖြစ်ခဲ့ဘူး။ သူငယ်ချင်း အပေါင်းအသင်း မိတ်ဆွေတွေဟာ သူ့ကို အိမ်ထောင်ထပ်ပြုဖို့ အမျိုးမျိုးတိုက်တွန်းခဲ့ကြဖူးတယ်။ ရိုကို့အဖေ သူ့ယောက္ခထီးကြီး ကိုယ်တိုင်တောင် တစ်ခါသား အသက်သုံးဆယ်လောက် မဟာဆန်ဆန်

mgyee.com

mgyoe.com

SAMPLE BOOK


အမျိုးသမီးတစ်ယောက်ရဲ့ ဓာတ်ပုံကိုင်လာပြီး 'အေး··· လူတွေကတော့ ဒါဟာ မဖြစ်သင့်ဘူး ပြောကြမှာပဲ၊ ဒါပေမဲ့···' အစချီပြီး သူ့ကို စပ်ဟပ် ပေးဖူးတယ်။ ဒါပေမဲ့ အာအိုယာမဟာ အားလုံးကို ငြင်းဆန်ခဲ့တယ်။ နောက်ဆုံးတော့လည်း အားလုံး လက်လျှော့သွားကြတယ်ပေါ့။ သူ့ကိုလည်း သွားလေသူ ဇနီးမယားအပေါ် အင်မတန် သစ္စာရှိသူကြီးလို့ ကင်ပွန်း တပ်ကြလေရဲ့။ သူလည်း ဒုက္ခခံပြီး လိုက်ဖြေရှင်း မနေပါဘူး။ ဒီတိုင်းပဲ ထားလိုက်တယ်။ လိင်အာသီသတွေ မဖြည့်ဆည်းနိုင်တော့လောက်အောင် ရုပ်ဆိုးလာရင်၊ ဒါမှမဟုတ် မွဲပြာကျလာရင်တော့ နောက်အိမ်ထောင်ပြုဖို့ စဉ်းစားကောင်း စဉ်းစားမိမှာ။ ဒါပေမဲ့ အဲလိုလည်း မဖြစ်လောက်ပါဘူး။ ရိုကို ဆုံးပြီးချိန်မှာ သူထားခဲ့တဲ့ ရည်မှန်းချက်ပန်းတိုင် နှစ်ခုဟာ ထင်တာ ထက် အချိန်ပိုပေးရပေမဲ့ ခုဆို အောင်မြင်ပေါက်ရောက်ခဲ့ပြီ။ ကုမ္ပဏီရော သူ့ဘဝပါအောင်မြင်ခဲ့ပြီးပြီ။ ဒါပေမဲ့ မိန်းမတယောက်အတွက် အချိန်နဲ့ အားအင်ကို အကုန်ခံဖို့ သူ့မှာ ဆန္ဒမရှိသေးဘူး။

ရှိဂေးရဲ့ မေးခွန်းကို မကြားခင်အထိ အဲဒီဆန္ဒ မရှိသေးဘူးပေါ့လေ။ ရှိဂေးက ထပ်ဖြည့်ပြောသေးတယ်။

"အဖေ့ကြည့်ရတာ ညစ်နေသလိုပဲ။ မိန်းမထပ်ယူဖို့ စဉ်းစားကြည့် ပါလား၊ တကယ် အတည်ပြောနေတာ အဖေရ" တဲ့။

⁂

ကြော်ငြာအေဂျင်စီတစ်ခုမှာ အလုပ်အတူတူလုပ်ခဲ့တဲ့ ယိုရှီကာဝါဟာ နှစ် နှစ်ဆယ်လောက် ရုပ်မြင်သံကြားလောကမှာ ကျင်လည်ပြီး ခုတော့ ရုပ်ရှင် လိုင်းဘက် ရောက်နေခဲ့ပြီ။ အလုပ်လမ်းကြောင်းမတူပေမဲ့ ယိုရှီကာဝါနဲ့ အာအိုယာမဟာ မကြာခဏ ဆုံဖြစ်တယ်။ သူတို့နှစ်ယောက်ဟာ တစ်ယောက် နဲ့ တစ်ယောက် အလွန်အင်မတန် လေးစားရင်းစွဲရှိကြတဲ့ မိတ်ဆွေတွေ ပါပဲ။

ယိုရှီကာဝါလို ထက်မြက်တဲ့ လူတစ်ယောက်ဟာ ရုပ်မြင်သံကြား လောက ကနေ ရုပ်ရှင်လောကကို ခြံခုန်ရတဲ့အကြောင်းက ရုပ်ရှင်ဟာ အရင် လွန်လေ ပြီးသော အတိတ်ကာလက ရှိခဲ့တဲ့ ပါဝါနဲ့ လွှမ်းမိုးမှုမျိုး ပြန်ရလာလို့

mgyoe.com

mgyoe.com SAMPLE BOOK

မဟုတ်ဘူး။ နည်းပညာ အဆင့်မြင့်လာခြင်းကသာ အဓိက အကြောင်းရင်းဖြစ်တယ်။ အဆင့်မြင့်နည်းပညာသုံး ရိုက်ကူးရေးစနစ်တွေအတွက် စတူဒီယိုတွေ၊ ငွေကြေးကျောထောက် နောက်ခံပေးတဲ့ ဘဏ်တွေနဲ့ ညှိနှိုင်းရတာ အင်မတန် ရှုပ်ထွေးတယ်။ အဲဒီ ညှိနှိုင်းမှုမျိုးမှာ ယိုရှီကာဝါရဲ့ အရည်အချင်းဟာ တန်ဖိုးဖြတ်လို့ မရဘူးပေါ့။

သူတို့နှစ်ယောက်ဟာ ဟိုတယ်တစ်ခုခုက ဘားမှာ ပုံမှန်အားဖြင့် ဆုံကြလေ့ရှိတယ်။ ဒီညအတွက်တော့ ဗျပ်စောင်းမယ် တစ်ယောက် ဖျော်ဖြေလေ့ရှိတဲ့ အကာဆာကာက ဟိတ်ဟန်ကြီးကြီး ဘားတစ်ခုကို ယိုရှီကာဝါက ရွေးထားတယ်။

"တကယ့် ဘားအစစ်တွေ ဘာဖြစ်ကုန်တာတုံးဗျာ"

ယိုရှီကာဝါက ချိန်းထားတဲ့ အချိန်ထက် ငါးမိနစ်လောက် နောက်ကျတယ်။ ရောက်ရောက်ချင်း ရေခဲစိမ် ရှယ်ရီကိုမှော၊ ဘားခန်းကို လှည့်ပတ်ကြည့်ရင်း ပြောလိုက်တယ်။

"တကယ့်ယောကျ်ားစစ်စစ်တွေ တကယ်သောက်ပြီး အနားယူအပန်းဖြေနိုင်တဲ့ တကယ့်ဘားစစ်စစ်တွေ ဘယ်ပျောက်ကုန်လဲ မသိ၊ ခင်ဗျားကြည့်စမ်းပါဦး၊ ဒီမှာ အတွဲတွေချည်းပဲ၊ ဘလတ်ဒီးမေရီ ကော့တေးလ်လောက်ကို တပြွတ်ပြွတ် စုပ်နေကြတာ၊ တစ်ခွက်လောက် သောက်ပြီးမှောက်သွားမဲ့ဟာတွေ၊ ဟိုမှာလည်း ကြည့်ဦး၊ ရုံးစာရေးမလို ဟာမနှစ်ကောင်၊ ဂင်းမ်လက်လေးစုပ်ပြီး အဟုတ်ထင်နေတာ၊ နောက်ငါးနှစ်လောက်ဆို တစ်တိုင်းပြည်လုံးက ဘားတွေဟာ ဘီယာဆိုင်သာသာ ဖြစ်ကုန်တော့မှာ ထင်တယ်"

"မပြောတတ်ပါဘူး၊ ကျနော်ကတော့ ခေတ်ဟောင်းဘားတွေဟာ ပိုကောင်းတယ်လို့ ထင်တဲ့လူတွေထဲ မပါဘူးဗျ၊ အဲဒီတုန်းက ခွဲခြားဆက်ဆံဖိနှိပ်မှုတွေ ပိုများသလားလို့၊ ခုမှ စလုပ်မဲ့ လူသစ်တွေအတွက် အဲဒါကောင်းတဲ့အရာ မဟုတ်ဘူးလေ၊ ပြီးတော့ အဲဒီတုန်းက ကော့တေးလ်တွေက ပိုကောင်းတယ်ဆိုတာလဲ ထင်မိယောင်မှား ဖြစ်တာလို့ ထင်တာပါပဲလေ"

"ဒါပေမဲ့ ပြောင်းလဲသွားတာတော့ အမှန်ပဲလေ၊ ခုခေတ်မှာ အရာရာဟာ ရှုပ်ထွေးနေတယ်၊ ချမ်းသာသူတွေ ဆင်းရဲကုန်ပြီး ဆင်းရဲသားတွေ ချမ်းသာလာတာ တစ်ခုတည်းကြောင့်တော့ မဟုတ်လောက်ဘူး"

mgyoe.com

mgyoe.com  SAMPLE BOOK 

"အင်း… ကျွန်တော်တို့ အသက်ကြီးလာလို့များလား"

ယိုရှီကာဝါက ခဏငိုင်နေတယ်။ ပြီးတော့ သူ ပြန်ပြောတယ်။

"သေချာပြောနိုင်တာ တစ်ခုတော့ ရှိတယ်ဗျ၊ နောက်ဆယ်နှစ်ကြာလည်း ကမ္ဘာကြီးကတော့ အရင်အတိုင်းပဲလို့ လူတိုင်း ထင်ကြမှာပဲ၊ မဟုတ်ဘူးလား၊ ထားပါတော့၊ ကျွန်တော် ဆယ်နှစ် ပိုအိုစာသွားမယ်၊ ဒါပေမဲ့ အရင်အတိုင်း အသက်ရှင်နေထိုင် လှုပ်ရှားနိုင်ဦးမှာလို့ ထင်ကြတာပဲလေ၊ တကယ်တော့ လျှောင်ကြီးလှုပ်လို့၊ အကြမ်းဖက် တိုက်ခိုက်ခံရလို့၊ ဒါမှမဟုတ် တခြားအကြောင်း တစ်ခုခုကြောင့် မျက်စိတစ်မှိတ်အတွင်း သေနိုင်တာပဲလေ"

"အဲဒီတော့…"

"အဲဒီတော့ ကျွန်တော်တို့ လောနေစရာ မလိုပါဘူး၊ ကျွန်တော်တို့ ဆိုတာ အားလုံးကို ပြောတာနော်၊ ဆယ်ကျော်သက်ကလေး တစ်ယောက် အတွဲချိန်းတဲ့ ကိစ္စကနေ နိုင်ငံရေးသမားတစ်ယောက် အခွန်ဥပဒေကို ပြင်တဲ့ ကိစ္စထိပေါ့၊ ခု ချက်ချင်းလုပ်စရာ ဘာအကြောင်းမှ မရှိဘူးလေ"

သူတို့နှစ်ယောက် ပြောနေတဲ့ လေသံလေပေါက်ကို အာအိုယာမ သတိထားမိနေတယ်။ ခုမှ နှစ်ယောက်လုံး လေးဆယ် ကျော်ခါစပေမဲ့ လေသံတွေက အဘိုးကြီးလေသံတွေ ပေါက်နေကြပြီပဲ။ လွန်ခဲ့တဲ့ နှစ်တွေ တုန်းက ခုခေတ် ချာတိတ်တွေကို နားမလည်ပါဘူးဗျာလို့ ရယ်ပွဲဖွဲ့ ပြောခဲ့ ကြဖူးပေမဲ့ ခုလေသံမျိုးတွေ မဟုတ်သေးဘူး။

စကားဝိုင်းဟာ ဂီတဘက်ရောက်သွားပြန်တယ်။ ယိုရှီကာဝါက သူနဲ့ သူ့သား နှစ်ယောက်အတူတူ ဘီတယ်လ်သီချင်းတွေ နားထောင်ဖြစ်ကြောင်း ပြောနေတယ်။ သူ့သားက ရှီဂေးနဲ့ အသက်တူတူလောက်ပဲ။

"ဘီတယ်လ်ကြိုက်တဲ့ လူတွေဟာ ကနေ့ခေတ် ဂျယ်တီးဝိုင်းတွေ နားထောင်လို့ မရတော့ဘူးလို့ ခင်ဗျားတော့ ထင်မလား မသိ၊ အမှန်တော့ အဲဒီလို မဟုတ်ဘူးဗျ"

ပြည်နယ်မြို့တော်တစ်ခုက အားကစားကွင်းထဲမှာ ကျင်းပတဲ့ အမျိုးသမီး ပေါ့ပ်အဆိုတော်တစ်ယောက်ရဲ့ ရှိုးပွဲ ဗွီဒီယိုအကြောင်း ယိုရှီကာဝါက အာအိုယာမကို ပြောပြနေတယ်။ အဲဒီဗွီဒီယိုကို တည်းဖြတ်ခဲ့စဉ်က အကြောင်း တွေပေါ့။

mgyoe.com

mgyoe.com SAMPLE BOOK

"ကျွန်တော် နောက်ပြောတာ မဟုတ်ဘူးဗျ၊ သိလား၊ အဲဒီ ရှိုးက ဘာသာတရား အသစ်တစ်ခု ပေါ်ထွန်းလာသလိုပဲ၊ ချာတိတ်တွေ ချာတိတ်တွေဆိုတာ သောင်းချီ သိန်းချီမယ်၊ အားလုံး ဆင်တူဝတ်၊ ခြေဖျား လေးတွေ ထောက်ပြီး အော်ကြ၊ မျက်ရည်တွေ ကျကြနဲ့၊ ဒါပေမဲ့လေ အဲဒီချာတိတ်တွေထဲ ကိုယ့်ဘဝကိုယ် ကျေနပ်ပျော်ရွှင်နေတဲ့ အရိပ်အယောင် မျိုး တစ်ယောက်တောင် မမြင်ခဲ့ရပါဘူး။ အနန္တစကြာဝဠာကြီးထဲက အထုံထိုင်းဆုံး အမှုန်မှိုင်းဆုံး ငြီးငွေ့ဖွယ်အကောင်းဆုံး ကမ္ဘာပေါ်မှာ တစ်ယောက်တည်း နေရသလို အထီးကျန် ငြီးငွေ့နေတဲ့ အရိပ်အယောင်တွေပဲ သူတို့ဆီမှာ တွေ့ရတယ်၊ ချာတိတ်တွေ ဘယ်လို ဖြစ်သွားကြပါလိမ့်နော်"

အဲဒီအချိန်မှာ ဗျပ်စောင်းမယ်ဟာ ဘီတယ်လ်ရဲ့ နာမည်ကြီး အယ်လီယာနော် ရစ်ဘီ သီချင်းကို စတီးလိုက်တယ်။

"အား…သီချင်းကောင်းပဲ"

ယိုရှိကာဝါက ပြောလိုက်တယ်။ အာအိုယာမက ခေါင်းညိတ်ပြီး ထောက်ခံရင်း သူတို့နှစ်ယောက် သီချင်းကို တိတ်တိတ်ဆိတ်ဆိတ် နားထောင် နေကြတယ်။ ဘီတယ်လ်အယ်ဘမ်မှာ ဒီသီချင်းနောက်က ဘာပါလိမ့်။ တက်စ်မန်းလား၊ ယဲလိုး ဆပ်မရင်းလား စဉ်းစားနေတုန်း ယိုရှိကာဝါက သူ့ပခုံးကို ဆုပ်ရင်း သွားဖြဲပြတယ်။

"ဒါဆို နောက်ဆုံးတော့ ခင်ဗျား အဆင်သင့်ဖြစ်ပြီပေါ့ ဟုတ်လား"

ဪ… သူ ယိုရှိကာဝါကို နောက်အိမ်ထောင်ပြုဖို့ စဉ်းစားနေတဲ့ အကြောင်း ဖုန်းထဲမှာ ပြောမိတာကိုး။ ယိုရှိကာဝါက ဆက်ပြောနေတယ်။

"ကောင်းပါတယ်ဗျာ၊ အားလုံးလဲ ဒီသတင်းကြားရင် ဝမ်းသာနေ ကြမှာ၊ ခင်ဗျားနဲ့ရမယ့် ကောင်မလေးက သိပ်လှ သိပ်ငယ်နေမယ် ဆိုရင်တော့ ကျွန်တော် နည်းနည်း မနာလိုဖြစ်မိမလား မသိ၊ ဒါပေမဲ့ ပြောပြစမ်းပါ၊ သူက ဘယ်လိုနေတုံး"

"ဘယ်လိုမှ မနေဘူးဗျ၊ တွေ့မှ မတွေ့သေးတာ"

အာအိုယာမရဲ့ အဖြေကို ကြားလိုက်ရတော့ ယိုရှိကာဝါက မျက်စိ လေးမှေးပြီး သူ့ကို ကြည့်ရင်း ဖြတ်သွားတဲ့ စားပွဲထိုးမလေးကို ဒဘယ်ရှယ်ရီ ထပ်မှာလိုက်တယ်။ အနီရဲရဲ ကတ္တီပါ စကတ်ရှည်နဲ့ စားပွဲထိုးမလေး လေးယောက် ရှိတယ်။ အားလုံး ငယ်ငယ် လှလှလေးတွေ။ အချိန်ပိုင်း အလုပ်

mgyoe.com

mgyoe.com

SAMPLE BOOK


လုပ်တဲ့ ကျောင်းသူလေးတွေ နေမယ်။ အသက် နှစ်ဆယ်၊ နှစ်ဆယ့်တစ် လောက်စီပေါ့။ ငယ်တယ်။ ဘယ်လိုပဲ ကြည့်ကြည့် သိပ်ငယ်လွန်းတယ်။ ဘားဆီ နိမ့်တုံမြင့်တုံနဲ့ လှျောက်လှမ်းသွားတဲ့ ကတ္တီပါနီ တင်သားတွေကို ကြည့်ရင်း အာအိုယာမ တွေးနေမိတယ်။

"နေစမ်းပါဦး၊ ခင်ဗျားက နောက်အိမ်ထောင်ပြုမယ်လဲ ပြောသေး၊ ဘယ်သူနဲ့ ပြုရမှန်းလည်း မသိသေးဆိုတော့ ဘယ်နှယ့်ဟာတုံး၊ စပ်ဟပ် ပေးတာကို ယူမှာလား၊ အဲလိုဆိုရင်တော့ ခင်ဗျား စိတ်ကြိုက်ရမယ် မထင်ဘူး၊ ဒါပေမဲ့..."

"အောင်သွယ်နဲ့စပ်တာမျိုးလား၊ ဟာ...မလုပ်ပါဘူး၊ ခင်ဗျားကော အဲဒီလို လုပ်ဖူးလို့လား"

"ကြံကြီးစည်ရာ"

"ကျွန်တော်လည်း မလုပ်ဖူးဘူး။ ဒါပေမဲ့ ဘယ်လိုလဲဆိုတာ သိကြတာပဲလေ နော်၊ အောင်သွယ်က တွေ့ရမယ့် အမျိုးသမီးကို ညစာ အတူ စားဖို့ ခေါ်လာမယ်၊ ကြိုက်ရင် ဒိတ်လုပ်ပြီး ဆက်တွဲကြည့်ကြ၊ ဒါပေမဲ့လို့ ဒိတ်စလုပ်ပြီ ဆိုတာနဲ့ တခြားတစ်ယောက်နဲ့ ချိတ်ဆက်ချင်လို့ မရတော့ဘူး၊ အဲဒီလို မဟုတ်လား"

ယိုရှီကာဝါက ပခုံးတွန့်လိုက်တယ်။

"အင်းလေ၊ ဟုတ်တယ်"

"အင်း... ဒီအတွက် အချိန်တွေ မနည်းမနောပေးရမယ်၊ ကျွန်တော် က အလုပ်များတဲ့လူလေ"

"ကဲပါ ခင်ဗျားက ဘယ်လို မိန်းကလေးမျိုး ရှာနေတာလဲ၊ အသက် ငယ်ငယ်ကတည်းကလို့ ကျွန်တော်ကတော့ ယူဆသဗျ"

"ကျွန်တော်က အသက်ကို သိပ်အကဲမဆတ်ပါဘူး၊ မတရားကြီး ငယ်လွန်းရင်လည်း ဘယ်ဖြစ်မလဲဗျ၊ အလုပ်အကိုင် အခွင့်အလမ်းလည်း ရှိ၊ ကျွမ်းကျင်တာ တစ်ခုခုလည်း ရှိတာမျိုးပေါ့"

"ဘယ်လို ကျွမ်းကျင်တာမျိုးလဲ၊ ကြိုးနဲ့တုပ် နှိပ်စက် အကြမ်းဖက် လိင်ဆက်ဆံခိုင်း အဲဒါမျိုးလား"

အာအိုယာမက ရယ်တယ်။

mgyoe.com

"ညစ်ပတ်တဲ့လူ၊ ကျွန်တော် ပြောတာက ဂန္ဓဝင်ဂီတတို့ ဘဲလေးတို့လို ကျွမ်းကျင်မှု တစ်မျိုးမျိုး"

"ဪ… ရိုက်ကို့လိုပေါ့"

"အဲလိုလည်း မဟုတ်ပါဘူး၊ ကျွမ်းကျင်တာ တခုခုရှိပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချမှုရှိတဲ့ သူမျိုးပါ၊ ကိုယ့်ကိုယ်ကိုယ် မယုံကြည်ရင် ကိုယ့်ခြေထောက်ပေါ် ကိုယ် မရပ်တည်နိုင်ဘူး၊ အမြဲတမ်း ကိုယ့်အဖော်ကို အားကိုးနေမှာ၊ ဒါဆို ပျော်ရွှင်စရာ ဖြစ်မယ် မထင်ဘူး"

"ခင်ဗျားက ကြေးမများလွန်းဘူးလား"

"ဪ… ခင်ဗျားက အဲသလို ထင်တာလား"

"အေးလေ၊ ဂန္ဓဝင်ဂီတပညာရှင်၊ ဒါမှမဟုတ် ဘဲလေးအကပညာရှင် ဆိုတော့ လွန်လွန်းတာပေါ့၊ ကိုယ့်ကိုယ်ကိုယ် သူဌေးကြီး အိုနာစစ်များ မှတ်နေလား"

"အာ… အဲလို ပညာရှင်အဆင့် မဟုတ်ပါဘူး၊ ပရော်ဖက်ရှင်နယ်တောင် ဖြစ်စရာမလိုဘူး၊ ဝါသနာအလျောက် လေ့လာထားတာမျိုး ပြောတာပါ"

"မင်းသမီးတို့၊ အဆိုကျော်တို့ ဆိုရင်ကော"

"တော်-တော်… ခင်ဗျားတို့ ဖျော်ဖြေရေး လုပ်ငန်းက အညစ်အကြေးတွေ စွန်းပြီးသားသူကို မလိုချင်ပါဘူး"

"အင်းလေ၊ ဒါတော့ ခင်ဗျားကိုလည်း အပြစ်ပြောလို့ မရပါဘူး၊ ဒီလုပ်ငန်းက လူတွေကို နွားတွေလို သွားဖြဲကြည့်ပြီး ဝယ်လိုက် ပြန်ရောင်းလိုက်နဲ့ကိုး၊ ဒါပေမဲ့ ခင်ဗျားရဲ့ စံက မြင့်လွန်းတာတော့ သေချာသဗျာ"

"အင်း… တကယ်တော့ သေသေချာချာ မပတ်သက်ခင် သူ့ကို သေချာ စစ်ဆေးချင်သေးတာ"

"ဘယ်လို၊ စုံထောက်ငှားပြီး ထောက်လှမ်းခိုင်းမှာလား"

"ဟော့လူ မနောက်နဲ့ဗျ၊ အတည်ပြောတာ၊ ကျွန်တော် ဆိုလိုတာက သူနဲ့ စကားတွေ ပြောမယ်၊ သူ့ကို မေးခွန်းတွေ မေးမယ်၊ အင်း… တကယ်တော့ အမျိုးအမည်စုံတဲ့ မိန်းမတွေ အများကြီးကို အင်တာဗျူးပြီး ခေါင်းခေါက် ရွေးပစ်လိုက်ချင်တာ၊ အသက်အရွယ်ဆိုရင်တော့ အစိတ်နဲ့ သုံးဆယ်ကြားလောက်ပေါ့၊ ဒါဆိုရင်…"

mgyoe.com

mgyoe.com
SAMPLE BOOK

"ခဏလေး"

ယိုရှီကာဝါက ဖြတ်ပြောလိုက်တယ်။

ရှယ်ရီခွက်သစ်ကို မော့တယ်။ လက်သီးဆုပ်နဲ့ မေးကိုထောက်ပြီး စဉ်းစားနေတယ်။ ရှယ်ရီကို တစ်ငုံ ထပ်ငုံတယ်။ ပြီးတော့ ပြောလိုက်တယ်။

"ဒါဆိုရင်တော့ တစ်နည်းပဲ ရှိတယ်၊ အဲဒါကတော့ လူရွေးပွဲ လုပ်ဖို့ပဲ၊ လုပ်လိုက်ကြစို့"

❑

mgyoe.com

mgyoe.com SAMPLE BOOK

# (၂)

“ဒီမယ် ကျွန်တော့်ကို ယုံပြီး အပ်လိုက်စမ်းပါ၊ ခင်ဗျားကို ကျွန်တော်က ဘယ်တုန်းကများ စိတ်ပျက်အောင် လုပ်ဖူးလို့လဲ၊ လူရွေးပွဲနဲ့ ပတ်သက်ရင် ကျွန်တော်က ပရော်ဖက်ရှင်နယ်ပါဗျ၊ အသေးစိတ် ကိစ္စတွေ ကျွန်တော့် တာဝန်ထားလိုက်”

ယိုရှီကာဝါဟာ ဒီညမှာ ထူးခြားနေတယ်။ ခါတိုင်းလို တိတ်တိတ်ဆိတ်ဆိတ် ဟိုတယ်ဘားတွေမှာ မသောက်ဘဲ အာအိုယာမကို တက္ကစီပေါ်ဖွတ်ဆွဲတင်ပြီး စပယ်ရှယ်နေရာလို့ သူ ကင်ပွန်းတပ်ထားတဲ့ ရိုပုန်းဂီက ကလပ်တစ်ခုကို ခေါ်ချလာတယ်။ အဲဒီမှာ ဖျော်ဖြေတဲ့ အမျိုးသမီးတွေက အတွင်းကို ထုတ်ချင်းပေါက် မြင်ရတဲ့ ညနေခင်း ဝတ်စုံပါးတွေနဲ့၊ ကလပ်အဆင်အပြင်က လယ်သာဆိုဖာတွေနဲ့။ စားပွဲတစ်ခုနဲ့ တစ်ခုကြား မှန်အမှုန်တွေနဲ့ ကာထားတဲ့ အီတာလျံ ဒီဇိုင်း၊ အခန်းထဲမှာ သမပိုင်း ဇုန်က ပန်းတွေ ထည့်စိုက်ထားတဲ့ ပန်းအိုးလေးတွေကို အကွက်အကွင်းကျကျ ထားထားတယ်။ ဥရောပ ဂျက်ဇ်တေးသံက သာသာယာယာ ထွက်နေတယ်။ ဒီလိုနေရာမျိုးဟာ မျက်ဖြူဆိုက်လောက်အောင် ဈေးကြီးလိမ့်မယ်ဆိုတာ သိပေမယ့် အတော်မိုက်တဲ့နေရာ ဆိုတာကိုတော့ ငြင်းမရဘူး။ ကလပ်ထဲ လူတွေပြည့်နေပေမဲ့ ဝန်ထမ်းတွေက ယိုရှီကာဝါကို တလေးတစား ကြိုဆိုကြတယ်။ ဒီနေရာမှာတော့ ယိုရှီကာဝါဟာ ဆယ်လီဘရစ်တီ တစ်ယောက်လို ဆက်ဆံခံရတာ။ စားပွဲထိုးလေး တစ်ယောက်က သူတို့ကို အခန်းထောင့်က အယ်လ်ပုံစံ ဆိုဖာစားပွဲကို ခေါ်သွားတယ်။ စားပွဲထိုးလေးက ၂၅ နှစ်လောက်ရှိမယ်၊ နားရွက်၊ နှာခေါင်းနဲ့ နှုတ်ခမ်းမှာ အပေါက်ဖောက် ကွင်းလေးတွေ ဆွဲထားတယ်။ စိမ်းညိုရောင် ဝတ်စုံနဲ့ အင်မတန် စမတ်ကျတယ်။ စားပွဲထိုးလေးဟာ စားပွဲပေါ်ကို နှစ်သုံးဆယ် သက်တမ်း ဘယ်လန်တိုင်း ဝီစကီရယ်၊ ရေခဲပုံးရယ်၊ ဆိုဒါရယ်၊ ဖန်ခွက်တွေရယ် တင်လိုက်တယ်။ ဆယ်မိနစ်၊ ဆယ့်ငါးမိနစ်လောက် စောင့်ပါ ခင်ဗျာလို့ ပြောသွားတယ်။ ဆိုလိုတာကတော့ ခဏနေရင် ဖျော်ဖြေမဲ့ အမျိုးသမီးတွေ လာတော့မယ်ပေါ့။

mgyoe.com

mgyoe.com SAMPLE BOOK

စားပွဲထိုးလေး ထွက်သွားချိန်မှာ အာအိုယာမ စကားစလာတယ်။

"နေရာကလည်း ကောင်း၊ ပတ်ဝန်းကျင်ကလည်း ကောင်းပါတယ်၊ ဒါပေမဲ့ ဘာလို့များ စပါယ်ရှယ်လို့ ခေါ်ရတာလဲ"

"ရှင်းရှင်းလေးဗျ၊ ဒီမှာ အရွှမတွေ မရှိဘူး၊ ဂျလေဘီမတွေ မလာဘူး၊ ဒီက ဖျော်ဖြေတဲ့ အမျိုးသမီးတွေဟာ အဆိုတော်၊ ဒါမှမဟုတ် မင်းသမီးဖြစ်ဖို့ ကြိုးစားနေတဲ့ ပရော်ဖက်ရှင်နယ်တွေချည်းပဲ၊ သရုပ်ဆောင် လောကကို ဝင်ဖို့ ကြိုးစားတဲ့ မိန်းကလေးတွေဟာ အပြာကားသရုပ်ဆောင်တို့၊ ဖော်ချွတ်မယ် မော်ဒယ်တို့ ဘဝနဲ့ နိဂုံးချုပ်မသွားအောင် ဘယ်လောက်ထိ ကျားကုတ်ကျားခဲ ကြိုးစားရသလဲဆိုတာ သေချာသိရရင် ခင်ဗျား ရေရေ လည်လည် အံ့သြသွားမယ်၊ ကဲ… ခုခေတ် အမျိုးသမီးတွေထဲမှာ ကိုယ့်ကိုယ်ကိုယ် မင်းသမီးရယ်လို့ သေချာခေါ်နိုင်တာ ဘယ်နှယောက်တောင် ရှိနေသလဲ၊ ကပ်ရောဂါလိုပဲနော်၊ ဟိုမှာကြည့်လည်း မင်းသမီး၊ ဒီမှာ ကြည့်လည်း မင်းသမီး၊ မင်းသမီးဆိုတာတွေက အများသား၊ ဒါပေမဲ့ စိတ်ထဲက ဒါမှ တကယ့်သရုပ်ဆောင် မင်းသမီးလို့ သေသေချာချာ သတ်မှတ်ထားတဲ့ ရင်းနှီးပြီးသား မျက်နှာ ဘယ်နှယောက် များပါသလဲ၊ တကယ်တော့ ရုပ်ရှင်ကား အရေအတွက်က များမလာဘူးနော်၊ မင်းသမီး ဆိုတာတွေသာ အဆတစ်ထောင်လောက် များလာတာ၊ ဒါက တွေ့နေကျပဲ၊ ဒါပေမဲ့လို့ ခင်ဗျားအတွက်တော့ အကျိုးရှိလိမ့်မယ်"

လူရွေးပွဲအကြောင်းကို ဦးလှည့်လာပြီ။ တကယ်တော့လည်း အနုပညာ အလုပ်အတွက် လူရွေးပွဲ လုပ်တယ်ဆိုတာ အာအိုယာမအတွက် မစိမ်းပါဘူး။ တီဗွီကြော်ငြာတွေအတွက်၊ လူထုဆက်သွယ်ရေး ဗွီဒီယိုတွေ အတွက် သူ လူရွေးပွဲတွေ ဦးစီး လုပ်ခဲ့ဖူးသားပဲ။ ရေကူးဝတ်စုံနဲ့ ကောင်မလေး ဆယ့်ငါးယောက်၊ အယောက်နှစ်ဆယ်လောက် တန်းစီနေတာကို မြင်တိုင်း ကျွန်ဈေးကို သတိရမိတယ်။ လူရွေးပွဲ လာတဲ့ ကောင်မလေးတွေဟာ ကျွန်တွေ မဟုတ်ပေမဲ့ ဘီကီနီလေးတွေဝတ်၊ ရှိတာတွေ ပြူးပြဲထုတ်ပြပြီး ကိုယ့်ကိုယ်ကိုယ် ရောင်းဖို့ ကြိုးစားနေကြတာပဲ မဟုတ်လား။ ရောင်းခြင်းနဲ့ ဝယ်ခြင်းဆိုတဲ့ လူမှုသံဝါသ အခြေခံတရားထဲမှာ သရုပ်ဆောင်တို့၊ မော်ဒယ်

mgyoe.com

mgyde.com SAMPLE BOOK

တို့ ဖြစ်ချင်သူတွေအဖို့ ရောင်းစရာက ကိုယ့်ကိုယ်ကိုယ်ကလွဲလို့ တခြား မရှိဘူးလေ။ အင်း… ဒီလိုနည်းနဲ့ လက်ထပ်ဖို့ မိန်းမကို ရှာတယ်ဆိုတာ မှန်ကန်တဲ့ နည်းလမ်းမှ ဟုတ်ရဲ့လား။

"ဟေ့လူ သောက်တောင် မသောက်ပါလား၊ ဘာဖြစ်နေတာတုံး၊ ကျွန်တော့် အကြံကို သဘောမကျဘူးလား"

"သဘောမကျဘူး မပြောပါဘူး"

ခွက်ထဲက ဝီစကီကို တစ်မြုံ့မြုံ့ရင်း အာအိုယာမက ပြန်ပြော လိုက်တယ်။

"စဉ်းစားစရာလေးတွေတော့ ရှိတာ အမှန်ပဲ"

"အင်း… ဒါပေမဲ့လို့ ခင်ဗျား လိုချင်တာတွေ ရဖို့ဆို ဒီနည်းပဲ ရှိတာလေ၊ ငွေကြေးရေးကြေးကို စိတ်ပူလို့လား"

"ဒါကလည်း တစ်ခုပေါ့၊ နောက်တစ်ခုက ကျွန်တော့်အတွက် သက်သက်လုပ်တာဆိုရင် တစ်မျိုးများ ဖြစ်နေမလားလို့"

ယိုရှီကာဝါက ခေါင်းညိတ်လိုက်တယ်။

"သိပြီ သိပြီ၊ ဒါပေမဲ့ ကျွန်တော်က အဲဒီလောက် မတုံးပါဘူး၊ ခင်ဗျားအတွက် သက်သက် မဟုတ်က ဟုတ်က လူရွေးပွဲ အတုတော့ ဘယ်လုပ် မတုံးဗျ"

"ဒါဆို"

ဒီလိုလေ၊ ခင်ဗျားအတွက် ကြော်ငြာမယ် ဆိုပါစို့။ အသက် ၄၂ နှစ်အရွယ် စီးပွားရေး အောင်မြင်သော မုဆိုးဖိုအတွက် ကြင်ရာ အလိုရှိသည်လို့ ရေးမယ်ဆိုပါစို့၊ အင်မတန်လှ၊ အင်မတန်ငယ်ရွယ် နုပျို အင်မတန်တော်တဲ့ ပါရမီရှိတဲ့ ကောင်မလေး ဒါဇင်ပေါင်းများစွာ လာလျှောက် မယ် ထင်သလား"

"မထင်ပါဘူး"

"ဟုတ်ပြီ။ တခြားတစ်ဖက်မှာတော့ တကယ်လည်း ရုပ်ရှင် မရိုက်ဘဲနဲ့ ခင်ဗျား ကြင်ရာရှာဖို့ သက်သက်နဲ့ လူရွေးပွဲကို လုပ်တယ်ဆိုရင် ဒါ ဘယ်လိုနည်းနဲ့ ကြည့်ကြည့် မသမာမှုပဲ၊ ဒါကြောင့် ကျွန်တော့်

mgyde.com

mgyoe.com  SAMPLE BOOK 

စဉ်းစားတာက ကျွန်တော်တို့ဟာ တကယ့်ရုပ်ရှင် ပရောဂျက်တစ်ခုကို လုပ်မယ်၊ အချစ်ဇာတ်လမ်းပေါ့၊ အဓိက သရုပ်ဆောင်မင်းသမီးဟာ အသစ် ဖြစ်ရမယ်၊ ၂၀ နဲ့ ၃၀ ကြား ဖြစ်ရမယ်၊ ဂန္ထဝင်ဂီတကို လေ့လာဖူးတဲ့ လူတွေပဲ လျှောက်ခွင့်ရမယ်၊ ဒါက ဇာတ်လမ်းရဲ့ အဓိက အစိတ်အပိုင်း ဖြစ်နေလို့၊ ဒီလိုမျိုးအချက်တွေနဲ့ လူရွေးပွဲကို ကန့်သတ်လိုက်ရင် ခင်ဗျား လိုချင်တာမျိုး ရမှာ''

''ဒါဆို မင်းသမီး တကယ်ရွေးလို့ရရင် အဲဒီကားကို တကယ် ရိုက်ရမှာလား''

''ကျွန်တော် အဲသလို မပြောပါဘူး၊ တစ်နှစ် တစ်နှစ်ကို ရုပ်ရှင် ပရောဂျက်တွေမှ မနည်းမနော ရှိတယ်၊ ငွေရေးကြေးရေး ထောက်ပံ့မဲ့သူသာ မရှိတာ''

''ဒါလည်း မသမာမှုတစ်မျိုးပဲ မဟုတ်ဘူးလား''

''မဟုတ်ဘူးဗျ၊ အများကြီးကွာတယ်၊ ဘယ်တော့မှ မရိုက်မဲ့ ရုပ်ရှင် အတွက် လိမ်ပြီး လူရွေးတာနဲ့ ရှိပြီးသား ပရောဂျက်ထဲက ငွေကြေးထောက်ပံ့ သူ၊ ဇာတ်ညွှန်းနဲ့ ခေါင်းဆောင်မင်းသမီးရှာမဲ့ လူရွေးပွဲက အကွာကြီးပါ''

''ဒါဆို တကယ်ရိုက်ချင်လည်း ရိုက်ဖြစ်မယ်ပေါ့''

''အခွင့်အရေးကတော့ မများလှဘူး၊ ဒါပေမဲ့ ရုပ်ရှင်နဲ့ ပတ်သက်ရင် သေချာတယ်ဆိုတာ မရှိဘူးလေ၊ ဖြစ်ချင်လည်းဖြစ်မှာပဲ''

''တကယ်လား''

''အင်း... ဒီလောကမှာ သေချာတယ်ဆိုတာ မရှိဘူးဗျ၊ အရည်အချင်း နဲ့ စီမံခန့်ခွဲမှုကောင်းရုံနဲ့ ရုပ်ရှင်ဖြစ်တာ မဟုတ်ဖူးရယ်''

''ထားပါတော့လေ၊ ခေါင်းဆောင်မင်းသမီးအဖြစ် အရွေးခံရတဲ့ အမျိုးသမီးကို ကျွန်တော်က ယူရမယ်လား''

''ဒါပေါ့ဗျ''

''အင်း... ထားပါတော့ဗျာ အချစ်ဇာတ်လမ်းပေါ့၊ ဒါဆို သူက မင်းသားနဲ့ ပတ်သက်ရမှာပဲ၊ ရိုးရိုးသားသား ပြောရရင် အဲလိုဆို ကျွန်တော် နဲ့ ဖြစ်မယ် မထင်ဘူး၊ တကယ်လို့ ဒီရုပ်ရှင်ကို ရိုက်ဖြစ်လို့ သူ မင်းသမီး ဖြစ်သွားရင် ကျွန်တော်က မင်းသမီး လင်အနေနဲ့ အေးအေးချမ်းချမ်း

mgyoe.com

mgoe.com SAMPLE BOOK

နေနိုင်ပါ့မလား ဆိုတာကိုလည်း သံသယရှိတယ်၊ ကျွန်တော် အတွေးလွန်နေတာလည်း ဖြစ်ကောင်း ဖြစ်မယ်ပေါ့၊ ဒါပေမဲ့လို့ ကြားရတာတော့ တစ်မျိုးကြီးပဲဗျ''

''ဒါ ခင်ဗျား အတွေးလွန်တာ မဟုတ်ဘူးဗျ၊ ဒါအမှန်ပဲ၊ အေးချမ်းတည်ငြိမ်တဲ့ ဘဝပိုင်ရှင် မင်းသမီးဆိုတာ ရှိရင် တစ်ယောက်လောက်ပဲပြ၊ ကျွန်တော် ခေါင်းတုံးရိတ်ပစ်လိုက်မယ်၊ ဖင်ထဲ သခွားသီးထည့်ပြီး မျောက်လိုလမ်းလျှောက်ပြလိုက်မယ်၊ ခင်ဗျား ပြောတာ မှန်တယ်၊ မင်းသမီး စစ်စစ်ကို ဘယ်တော့မှ လက်မထပ်လေနဲ့၊ မှားလိမ့်မယ်၊ ဒါပေမဲ့လို့ ဒီရုပ်ရှင်ကို ဘယ်လိုပဲဖြစ်ဖြစ် ရိုက်ဖြစ်အောင် ရိုက်မယ်ဆိုတဲ့ ဖြစ်တန်စွမ်းက အတော်လေးနည်းတယ်၊ ကဲ… ဒီပရောဂျက် ဆက်မလုပ်ဖြစ်တော့ဘူးဆိုရင် ခင်ဗျား သူ့ကို ဘယ်လိုရှင်းပြမလဲ၊ ရုပ်ရှင်မှာ ခေါင်းဆောင်မင်းသမီးဖြစ်ဖို့ အင်မတန်စိတ်အားထက်သန်နေတဲ့ သူ့ကို အချစ်ရေ၊ ရုပ်ရှင်တော့ နိဗ္ဗာန်သွားပြီကွဲလို့ ပြောရင် သူဘယ်လိုနေမလဲ၊ ခင်ဗျားကို သူ ဘယ်လောက်ချစ်ချစ် အဲဒီလိုပြောတဲ့နေ့ဟာ သူ့အချစ်တွေ ကုန်ဆုံးသွားတဲ့ နေ့ပဲဆိုတာ ကျွန်တော်အာမခံပြီး ပြောလိုက်မယ်၊ ဒါကြောင့် မင်းသမီးအဖြစ် အရွေးခံရမဲ့လူကို ခင်ဗျား အိမ်ထောင်ဖက်အဖြစ် မရွေးနဲ့၊ ဆန်ခါတင်ထဲကတောင် မရွေးနဲ့၊ ပထမအကျော့ လူရွေးပွဲမှာ အောင်လာတဲ့ထဲက တစ်ယောက်ဆို ရပြီ၊ လူတွေ အင်တာဗျူးဖြေဖို့ အရွေးခံရတဲ့ထဲက စိတ်ကြိုက်တစ်ယောက်ရွေး။ ခင်ဗျားကတော့ သတိထားမိမယ် မထင်ဘူး၊ ဒါပေမဲ့ လူရွေးပွဲတွေမှာ တိမ်မြုပ်နေတဲ့ ရတနာလေးတွေ တကယ်ရှိတယ်၊ ထောင်ချီ လျှောက်ကြတဲ့အထဲက ဒီလိုမျိုးဟာလေးတွေက တစ်ဒါဇင်ထက် မပိုဘူး။ ယောက်ျားတွေ ခြသေ့်လည်ပြန် ငေးကြည့်ရမဲ့ အမျိုးအစားပေါ့၊ ဂန္ဓဝင်ဂီတ၊ ဘဲလေးအက ဘယ်လိုဟာမျိုးဖြစ်ဖြစ် တကယ်ကျွမ်းကျင်၊ လှလည်း လှ၊ ကျက်သရေလည်း ရှိ၊ အင်း… ကျွန်တော်ဟာ အနှစ်နှစ်ဆယ်လောက် ပြန်ငယ်သွားရင်၊ ဒါမှမဟုတ် ကျွန်တော့်သားနဲ့ ပေးစားချင်လောက်တဲ့ အမျိုးအစား မိန်းကလေးတွေပေါ့''

အိုး…ဒီလိုဆိုရင်တော့ ကောင်းသားပဲ။ ယိုရှိုကာဝါက နောက်တစ်ခွက်သောက်နေချိန် အာအိုယာမ စဉ်းစားနေမိတယ်။ ဒီအတိုင်းဆို တကယ့်အရည်အချင်းပြည့်မီတဲ့ အမျိုးသမီးတွေထဲက ရွေးခွင့်ရမယ်။ ဒါပေမဲ့လို့

mgoe.com

mgyoe.com

လက်ရွေးစင် ကောင်မလေး တစ်ဒါဇင်လောက် ဝိုင်းနေတဲ့ သူ့ပုံရိပ်သူ ပြန်မြင်ယောင်ပြီး ရှိန်းတိန်းဖိန်းတိန်း ဖြစ်နေတာကိုတော့ ဖျောက်မရဘူး။ လိင်တူ ချစ်သူ မဟုတ်ရင်၊ စိတ်ပေါ့သွပ်မနေရင် ဘယ်ယောကျာ်းမဆို ဒီလို သာယာမှုမျိုး မကြိုက်ဘယ်ရှိပါ့မလဲ။ ယောကျာ်းတွေ စိတ်ကူးယဉ်တယ် ဆိုတာ ဒီလိုမျိုး အားရပါးရှိ ယဉ်တတ်ကြတာ မဟုတ်လား။ ဒီလို စိတ်ကူးယဉ် ခြင်းကြောင့် စကားလုံးနဲ့ ဖော်ပြလို့မရနိုင်လောက်အောင် အင်အားကြီးတဲ့ ကြောက်ဖွယ့်အဖြစ်အပျက်တွေ သူ့ကို စောင့်ကြိုနေတယ် ဆိုတာကို သူ ဘယ်နည်းနဲ့မှ ကြိုမသိနိုင်ဘူးလေ။

ယိုရှိကာဝါက ဆက်ပြောတယ်။

"လူရွေးပွဲနဲ့ ပတ်သက်လို့ ကျွန်တော်တို့ ဘယ်လို စီစဉ်ထားတယ် ဆိုတာကို ကြားချင်နေတယ် မဟုတ်လား"

အာအိုယာမက ခေါင်းညိတ်ပြလိုက်တယ်။ သူ့ဖန်ခွက်ထဲက စကော့ချ်နဲ့ ဆိုဒါကို တစ်ဝက်လောက် သူသောက်ပြီးပြီ။ ကလပ်ခန်းမကို သူ လှည့်ပတ် ကြည့်တယ်။ ဖျော်ဖြေရေးမယ်တွေ အရမ်းများလှတယ် မဟုတ်ပါဘူး။ ဒါပေမဲ့ အားလုံးဟာ ထိတ်ထိတ်ကြဲချည်းပဲဆိုတာ အရမ်းသိသာတယ်။ အဲဒီ ကာလတုန်းက ဖျော်ဖြေရေးမယ်အတွက် ယူနီဖောင်းဆိုတာ သတ်သတ် မှတ်မှတ် မရှိလေတော့ အကောင်းစား ဝတ်စုံကိုယ်စီနဲ့ပေါ့။ ကလပ်ကိုလာတဲ့ ဖောက်သည်တွေကကော၊ အကောင်းစား အာမာနီ ဝတ်စုံတွေနဲ့၊ ကရူးကက် ဆံပင်ပုံစံတွေနဲ့ ကြွယ်ပိုးကြွယ်ဝ ပုံစံတွေချည်းပဲ၊ ဂီတလောက၊ ဒါမှမဟုတ် အဆင့်မြင့် နည်းပညာလောကက အရာရှိကြီးတွေ၊ ပိုင်ရှင်တွေနဲ့ တူပါ တယ်။ လောကမှာ အပေါ်ဆုံးက ငွေပဲဆိုတဲ့ လူတွေ၊ ကိုယ့်ကိုယ်ကိုယ် ဘယ်လို ပျော်အောင်နေရမှန်း မသိတဲ့ လူတွေ။ အင်း...ရီကို ဆုံးပါးပြီးနောက်ပိုင်း သူ ဒီလိုနေရာတွေ မရောက်တာ ကြာခဲ့ပြီပဲ။ အင်မတန် တင့်တယ်လှပတဲ့ ဖျော်ဖြေရေးမယ်လေးတွေကို ယောကျာ်းတွေအားလုံး ငေးနေကြတယ်။

"ဘယ်လောက်ထိ လုပ်ချင်သလဲ ဆိုတာပေါ် မူတည်ပြီး လူရွေးပွဲ စရိတ်ဟာ မိုးထိမတတ် မြင့်သွားနိုင်တယ်၊ အဆာဟိ ညနေခင်းသတင်းတို့၊ ပီယာတို့၊ တိုကျိုဝေါကာတို့မှာ စာမျက်နှာပြည့် ကြော်ငြာထည့်ရင် ယန်း သန်းချီကုန်မယ်၊ ဒါတောင် ထိတ်ထိတ်ကြဲ စာနယ်ဇင်းတွေဟာ ကြော်ငြာပါခွင့်

mgyoe.com

mgyoe.com

SAMPLE BOOK


ရဖို့အရေး အနည်းဆုံး ခြောက်လလောက် စောင့်ရတာ၊ စာနယ်ဇင်းဟာ အင်မတန် အင်အားကြီးတယ် ဆိုပေမဲ့လို့ ကျွန်တော်တို့ လိုအပ်ချက်နဲ့ သိပ်မကိုက်လှဘူး၊ အင်တာနက်လို လူမှုမီဒီယာအသစ်မှာ ဆိုရင်ကော၊ ဒါလည်း သိပ်တော့ မစွံဘူးဗျ၊ တွေ့ကရာ ရေးတင်တဲ့ အချက်အလက်တွေကြည့်ပြီး ချစ်သူရွေးမဲ့ ယောကျ်ား မရှိလောက်ဘူးဗျာ၊ ဒါကြောင့် ခေတ်ဟောင်းနည်းပဲ သုံးမယ် မှန်းထားတယ်၊ အက်ဖ်အမ်ရေဒီယိုပေါ့၊ ဂျေဝေ့ဖ်တို့ ဘာတို့လို ချာတိတ်တွေ အကြိုက် အက်ဖ်အမ် မဟုတ်ဘူး၊ တိုကျို အက်ဖ်အမ် (၁) လိုဟာမျိုးပေါ့၊ အဲဒီက ယိုကိုတာ လို့ခေါ်တဲ့ အမှုဆောင်တစ်ယောက်နဲ့ ကျွန်တော်နဲ့ သိပ်ရင်း တယ်၊ သူက အတော်တော့ ဖင်ခေါင်းကျယ်တဲ့ လူမျိုး၊ ဒါပေမဲ့ တစ်ခါက သူ့ အလုပ်ပြုတ်မဲ့ဘေးက ကျွန်တော် ကယ်ထားခဲ့ဖူးတယ်၊ ရေဒီယိုက တီဗွီထက်စာရင် ကြော်ငြာခ အဆမတန် သက်သာတယ်၊ ယိုကိုတာ့ကို ကျွန်တော် ပြောမယ်။ လူရွေးပွဲ ကြော်ငြာကို ခပ်မိုက်မိုက်ကလေး လုပ်ပေး စမ်းပါလို့၊ သူ့ ပရိုဂရမ်ကို စပွန်ဆာပေးတဲ့ ထုတ်လုပ်ရေး ကုမ္ပဏီအကုန်လုံး ကျွန်တော်သိတယ်၊ ဘာမှ ပြဿနာမရှိဘူး၊ ခေါင်းဆောင်မင်းသမီး ရှာပုံတော် ဆိုတဲ့ ခေါင်းစဉ်နဲ့ လုပ်ခိုင်းလိုက်မယ်၊ ဒါမှမဟုတ် မနက်ဖြန်ရဲ့ သူရဲကောင်းမယ် ဆိုရင်ကော၊ ကျွန်တော့်ရုံးက ကောင်တွေကို ဇာတ်ညွှန်း လုပ်ခိုင်းထားမယ်၊ ဘယ်သူပဲရိုက်ရိုက် အဆင်သင့် ရိုက်လို့ရတဲ့ အဆင့်အထိ လုပ်ထားမယ်။ ဒါပေမဲ့ မင်းသမီးဇာတ် ဖြစ်ရမယ်။ နောက်ခံဂီတအတွက်လည်း မပူနဲ့ အဆင်သင့် ပြင်ထားလို့ရတယ်၊ ဒါနဲ့ လူရွေးပွဲအတွက် အလုပ်ရှိပြီးသား ကောင်မလေးတွေတော့ မလိုချင်ဘူး မဟုတ်လား၊ ရုံးသမားတွေပေါ့လေ၊ ဒါကိုမေ့လိုက်၊ ရုံးသမားထဲမှာ လှတပတ ဆိုလို့ တစ်ယောက်မှ မရှိဘူးလို့ မဆိုလိုပေမဲ့ ပုံမှန်အလုပ်ရှိနေတဲ့ မိန်းမဟာ ဒါမျိုးကိုလည်း စိတ်ဝင်စားလိမ့်မယ် မထင်ပါဘူး။

"ကျွန်တော် ဆိုလိုတာက ဒီလိုလေ၊ ကျွန်တော်တို့ဟာ ဘယ်သူ့ကိုမှ လိမ်လည်လှည့်ဖြားနေတာ မဟုတ်ဘူး၊ ဒီလိုကိစ္စကို စိတ်ဝင်စားဖို့၊ အိမ်မက်ကို ဝယ်ယူဖို့ဆိုတာ ပုံမှန်ရုံးသမား ကလေးမတစ်ယောက်အဖို့ တန်ကြေး ကြီးလွန်းတယ်၊ ဒါကြောင့် ကျွန်တော်တို့ရဲ့ တကယ့်ပစ်မှတ်ဟာ အိမ်မှာတင် နေတဲ့ လူလွတ် မိန်းမပျိုလေးတွေပဲ၊ အလုပ်ရယ်လို့ မည်မည်ရရ မရှိ၊

mgyoe.com

အလှလေး ပြင်လိုက်၊ အိမ်မှာ အပရိကလုပ်လိုက်ဆိုတဲ့ ကလေးမတွေဟာ နေ့လယ်နေ့ခင်း ရေဒီယိုနားထောင်ချိန် ရှိကြသဗျာ၊ ဒီမှာတင် မနက်ဖြန်ရဲ့ သူ့ရဲကောင်းမယ် လူရွေးပွဲ အစီအစဉ်အကြောင်း ကြားမိကြမှာပဲ၊ အစီအစဉ် ကြေငြာတဲ့ အမျိုးသမီးကလည်း အပြောကောင်းဗျ၊ ဒီလိုမျိုးလေးလေ၊ နားထောင်ကြည့်၊ နှင်းဆီဟာ အဖူးအငုံဘဝထက် ပိုချစ်စရာကောင်းတာ ဘယ်မှာများ ရှိပါ့မလဲ၊ မျက်လုံးလေးကို မှေးပြီး အသာလေး စဉ်းစားကြည့် ကြပါရှင်၊ အော်ဒရေ ဟပ်ဘမ်း၊ ဗီဗီယန်လေး၊ ဂျူလီယာ ရောဘတ်တို့ မအောင်မြင်ခင်က ဘဝကို ဘယ်လိုများ ဖြတ်သန်းခဲ့ကြသလဲလို့ပေါ့၊ သူတို့လည်း ညီမလေးတို့လို သာမန်ဘဝကို ဖြတ်သန်းခဲ့ကြဖူးသူတွေပါပဲ။ အခါအခွင့်သင့်ချိန်မှာတော့ ငွေရောင်ပိတ်ကားကတစ်ဆင့် ပရိသတ်သန်းပေါင်း များစွာရဲ့ အသည်းစိုင်ကို ဆွဲကိုင် လှုပ်ယမ်းခဲ့ကြတယ် မဟုတ်ပါလားရှင်၊ အဲဒီလို အစွမ်းအစရှိတဲ့ သူ့ရဲကောင်းမယ်ကလေးတွေဟာ ဒီနေ့မှာ သာမန် မထင်မရှား ဖြစ်နေပေမဲ့လို့ မနက်ဖြန်မှာ အစွမ်းကုန် တောက်ပလာနိုင်ခြေ အပြည့်ရှိတာပေါ့ ညီမလေးတို့ရေ၊ မနက်ဖြန်ရဲ့ သူ့ရဲကောင်းမယ် ကလေး ဟာ ညီမလေး ကိုယ်တိုင် ဖြစ်နိုင်တာပေါ့ကွယ်''

ရှိဂေးရဲ့ နွေရာသီ ကျောင်းပိတ်ရက်ဟာ ကုန်လုနီးပြီ။ ဒီတစ်နွေ တိုကျိုမှာ အလွန်ပူပဲ။ ရှိဂေးလည်း သူငယ်ချင်းတွေနဲ့ ခရီးသွားလိုက်၊ ကျောင်းက စကိတ်ကလပ် ခရီးစဉ် လိုက်သွားလိုက်၊ ရှိကို့ အဖေ အမေ၊ သူ့ ဘိုးဘိုး ဘွားဘွားတွေဆီ သွားလည်လိုက်နဲ့ အိမ်ကပ်တယ်ကို မရှိဘူး။ အာအိုယာမကတော့ အိုဘွန်းပိတ်ရက်တွေ မတိုင်ခင်နဲ့ ပိတ်ရက်ပြီးချိန်မှာ တီဗွီကြော်ငြာအလုပ်တွေ ဆက်တိုက်ရှိနေလို့ ဩဂုတ်လကုန်ခါနီးမှပဲ နှစ်တိုင်း သူတို့သားအဖ သွားနေကျ ယာမာနာကာ ရေကန်ဘေးက ဟိုတယ်လေးဆီ ခရီးထွက်ဖြစ်ခဲ့ကြတယ်။ အဲဒီ ဟိုတယ်ရှုခင်း ပုံရိပ်တွေကို နိုင်ငံခြားဖြစ် ဝီစကီကြော်ငြာတစ်ခုမှာ အာအိုယာမ သုံးဖူးပြီးချိန်ကစလို့ တိတ်ဆိတ် သာယာလွန်းတဲ့ ပတ်ဝန်းကျင်ကို သဘောအကျကြီးကျပြီး နှစ်တိုင်းလိုလို ရောက်ဖြစ်ခဲ့တယ်။ အစကတော့ သူနဲ့ ရှိကို နှစ်ယောက်တည်း သွားကြ တာပေါ့။ နောက်ပိုင်း ရှိဂေးလေး မွေးပြီးတော့ ကလေးပေါက်စ ဘဝကတည်းက ခေါ်ခေါ် သွားခဲ့တယ်။ လွန်ခဲ့တဲ့ခုနစ်နှစ်အတွင်း တဖြည်းဖြည်းထွားကျိုင်း

mgyoe.com

 mgyoe.com SAMPLE BOOK 

အရွယ် ရောက်လာတဲ့ ရှီဂေးဟာ ခု သူ့ထက် ခေါင်းတစ်လုံး ပိုမြင့်နေတဲ့ အချိန်ထိ သားအဖနှစ်ယောက် ဒီနေရာကို မပျက်မကွက် ရောက်ကြတုန်း။

ဟိုတယ်က တောအုပ်တစ်ခုထဲမှာ တည်ထားတာ။ ရေကန်ကနေ ဆယ့်ငါးမိနစ်လောက် ကားမောင်းသွားရတယ်။ တကယ်တော့ ဇိမ်ခံပစ္စည်း အဆောင်အယောင်တွေ ဘာမှမရှိပါဘူး။ တည်ခင်းတဲ့ အစားအသောက် ကလည်း လွမ်းလောက်စရာ မရှိပါဘူး။ ပုံမှန် လာနေကျ ဖောက်သည်ကြီး တွေအတွက် စပါယ်ရှယ်အစီအစဉ်တွေ ဘာတွေလည်း နတ္ထိပါပဲ။ ဒါပေမဲ့ လို့ သစ်ပင်တွေ ပတ်လည်ဝိုင်းနေတဲ့ အုတ်ညှပ်သစ်သား ပင်မ အဆောက်အအုံ ရယ်၊ သေချာ ထိန်းသိမ်းထားတဲ့ တင်းနစ်ကွင်း နှစ်ကွင်းရယ်၊ နှစ်ဆယ် နီးပါးပဲ ရှိပေမဲ့ ကျယ်ဝန်းသန့်ရှင်းတဲ့ နှစ်လိုဖွယ် အခန်းတွေရယ်ဟာ စိတ်ကြည်နူးစရာပါပဲ။ အကောင်းဆုံးကတော့ လုံခြုံတယ်၊ စိတ်ချရတယ်၊ တခြား အပန်းဖြေစခန်း ဟိုတယ်တွေမှာလို တခြား ဧည့်သည်တွေနဲ့ ထွေးရော ယှက်တင်ဖြစ်တာတွေ လုံးဝမရှိဘူး။ ဒီနေရာမှာ သူနဲ့ ရှီကို ကုန်ဆုံးခဲ့တဲ့ ရက်ပေါင်းများစွာဟာ သူ့အာရုံထဲမှာ ပြက်ပြက်ထင်ထင် ရှိနေဆဲပဲ။ လက်မထပ်ခင်ရော၊ လက်ထပ်ပြီးနောက်ပိုင်းရော နေရာအနှံ့ သွားခဲ့ဖူးကြပေမဲ့ ဒီနေရာလို နှစ်စဉ် အမြဲရောက်ဖြစ်တာမျိုးတော့ မရှိဘူး။ ပထမဆုံးအကြိမ် ဒီနေရာကို ရောက်ခဲ့တုန်းက သူငယ်ချင်းတစ်ယောက်ဆီက ငှားလာတဲ့ ဘလူးဘတ် ၃ အက်စ် ကားလေးနဲ့ပေါ့။ ချူရှီ အမြန်လမ်းတစ်လျှောက် ယာမာနာကာ ရေကန်ဆီ ဦးတည်မောင်းရတဲ့ ခရီးကို သဘောကျလွန်းလို့ နောက်ပိုင်းမှာ လသုံးဆယ် အရစ်ကျစနစ်တဲ့ ဩော်… ဒီတစ်ပတ်နွမ်း ကားလေးကို ကိုယ်ပိုင်ဝယ်ဖြစ်ခဲ့ကြတယ်။ အော်ဒီလေးပြီးတော့ အသစ် စက်စက် မာစီဒီး ၁၉၀ ကားကို တစ်ဆင့် တက်ဝယ်ကြတယ်။ ရှီကို တိမ်းပါးပြီး နောက်ပိုင်းမှာတော့ အာအိုယာမဟာ ပြည်တွင်းဖြစ် ရိုးရိုးဆီဒင် ကားတွေပဲ စီးဖြစ်တော့တယ်။

ရှီကို မရှိတော့တဲ့ ပထမဆုံးသော နွေရာသီမှာတော့ အာအိုယာမဟာ ဒီဟိုတယ်ကို သားဖြစ်သူ ရှီဂေးနဲ့အတူ သွားဖို့ ဆုံးဖြတ်ခဲ့တယ်။ အဲဒီတုန်းက ရှီဂေးဟာ သုံး၊ လေးတန်းလောက် ရောက်ပြီ။ ရှူးမန်းရဲ့ ဂန္ထဝင်ဂီတကို အရှူးအမူးနှစ်ခြိုက်တဲ့ ဟိုတယ်မန်နေဂျာဟာ ရှီကိုတစ်ယောက် လူ့လောကမှာ

mgyoe.com

mgyoe.com

မရှိတော့ဘူး ဆိုတာကို သတိမထားမိရှာဘူး။ သူတို့ကားဆိုက်တာနဲ့ လာကြို တယ်၊ ကားရှေ့ခန်းတံခါးကို ဖွင့်လိုက်တော့ သူ ထိုင်ခုံလွတ်ကြီးပဲ မြင်လိုက် ရတယ်။

"အစ်မ မပါသေးဘူးနဲ့ တူတယ်၊ ခဏနေမှ လိုက်လာမှာလား ဆရာ"

ကားနောက်ခန်းက ရှိုင်းလေးက အမေဆုံးသွားပြီလို့ အာဒိုယာမ ကိုယ်စား ဝင်ဖြေပေးလိုက်တယ်။

ရှိုင်းရဲ့အသံနဲ့အတူ ပုစဉ်းရင်ကွဲနဲ့ ငှက်တွေဟာ ရိုကို့အတွက် ဝမ်းနည်းပက်လက် အသုဘတေးကို ဆိုပေးနေကြသလို စိတ်ထဲက ထင်မိ တယ်။ အင်း… ရိုကိုရယ်၊ မင်း ဒီနေရာမှာ ဘယ်တော့မှ လျှောက်လှမ်းခွင့် မရတော့ဘူးပေါ့ကွယ်။ ဒီကားပါကင်နေရာလေးမှာ မင်း ဖိနပ်ရောင်စုံ အမျိုးမျိုးနဲ့ ကားထဲက ထွက်လာတာ ဘယ်နှကြိမ်လောက်များ ရှိခဲ့ပါလိမ့်၊ တကယ့် နွေအရသာကို ဒီမှာမှ ခံစားလို့ရတာနော်လို့ မင်း ဘယ်နှခါများ ပြောခဲ့ပါလိမ့် ရိုကိုရယ်။ ဒီစကားတွေ၊ ဒီမြင်ကွင်းတွေကို နောက်ဘယ်တော့မှ ပြန်မြင်၊ ပြန်ကြားရတော့မယ် မဟုတ်ဘူးလေ။ ခြေထောက်သွယ်သွယ်လေးနဲ့ ဟိုတယ်ဆီ ဦးတည်ပြီး လျှောက်လှမ်းသွားတာကိုလည်း ဘယ်တော့မှ ပြန်မြင်ရတော့မှာ မဟုတ်ပါဘူး။ ဒါကို လက်မခံချင်ပေမဲ့ အင်မတန် သေချာတဲ့ အချက်အလက်မို့ လက်ခံခဲ့လိုက်ရတယ်။ ဒါပေမဲ့ ရှစ်နှစ်သားလေးဟာ ဒီအချက်ကို လက်ခံနိုင်ပါ့မလား။

ရိုကို ဆုံးပြီးစ သွားတဲ့ အခေါက်၊ အဲဒီမှာနေခဲ့တဲ့ လေးရက်အတွင်း သူနဲ့ ရှိုင်း တင်းနစ်ချည်း လိုမ့်ရိုက်နေခဲ့ကြတယ်။ တကယ်တော့ ရိုက်ရတာ နဲ့ ဘောလုံး လိုက်ကောက်ရတာ မကာမိပါဘူး။ ဒါပေမဲ့ ရှိုင်းဟာ တစ်ချက်မှ မညည်းရှာဘူး။ တော်ပြီဗျာ၊ မကစားတော့ဘူး ဘာညာလဲ မလုပ်ရှာဘူး။ ရှစ်နှစ်ပဲရှိသေးပေမဲ့ သူတို့သားအဖအဖို့ တခြားလဲ ဘာမှ လုပ်နိုင်တာ မဟုတ်ဘူး ဆိုတာ သူ သေသေချာချာ သိတယ်။

ခုတော့ ရှိုင်းဟာ ဆယ့်ငါးနှစ်သား လူပျိုကလေး ဖြစ်လာခဲ့ပြီ။

"အဖေ ဂန်းစတားဟာ ရီးစ်နဲ့ အဆင်ပြေမှာပါနော်" လို့ ဘေးခုံမှာ ထိုင်နေရင်း သူပြောတယ်။ ဩဂုတ်လ နှောင်းပိုင်း ရုံးဖွင့်ရက်မို့ ချူရို အမြန်လမ်းမကြီးဟာ တိတ်ဆိတ်ခြောက်ကပ်နေတယ်။ ကောင်းကင်က

mgyoe.com

mgyoe.com SAMPLE BOOK

မိုးသားပြာသက်သက် ကြည်လင် တောက်ပလို့။ ဆာဂီမီရေကန်ကြီးကို ကျော်လာတဲ့အခါ နှင်းမရှိတဲ့ ဖူဂျီတောင်မြင်ကွင်းကို လှမ်းမြင်ရတယ်။ ရှီဂေးက ဆက်ပြောနေတယ်။

''နေ့တိုင်း သူ့ကို ကျွေးမွေးနေတာတောင် ဂန်းစတားက ရီးစံကို သိပ်ကြိုက်လှပုံ မပေါ်ဘူးဗျ''

ဂန်းစတားကို လွန်ခဲ့တဲ့ ငါးနှစ်က အိမ်နားက အိမ်မွေးတိရစ္ဆာန် အရောင်းဆိုင်ကနေ ဝယ်ထားတာ။ အဲဒီမတိုင်ခင်က ဒတ်ဆွန် အမျိုးအစား ဂျာမန်ခွေးပုလေးတစ်ကောင် မွေးခဲ့တယ်၊ ရိုကိုရှိစဉ်က စကော့တယ်ရီယာလေး တစ်ကောင်ရှိခဲ့ဖူးတယ်။ ဒီဟာလေး ဝယ်တုန်းက ရှီဂေးက ဘီဂဲလ်လို့ နာမည်ပေးတယ်။ နောက်ပိုင်းကျ အကြိုက်က ပြောင်းသွားပြီး ဂန်းစတား ဖြစ်သွားတာ။ တစ်ရက်ကိုနှစ်ခါ အစာကျွေးဖို့ ရီးစံကို ပြောတယ်။ ခွေးကျောင်း ထွက်ရင် အာအိုယာမက ထွက်ရတယ်။ ခွေးကိစ္စ ဘာမှသာ မလုပ်တာ၊ ဂန်းစတားက သူ့ကိုယ်ပိုင်လို့ ရှီဂေးက အပြတ်ပြောသလေ။

''ဘာလို့တုန်း သားရဲ့၊ ဂန်းစတားနဲ့ ရီးစံဟာ ခြံဝင်းထဲမှာ အမြဲ ဆော့နေကြပဲကို''

အာအိုယာမဟာ ခုတလော စိတ်က ကြွတတဖြစ်နေတယ်။ လူရွေးပွဲ အတွက် အမြန်ပြင်ဆင်နေပြီလို့ ယိုရှီကာဝါက ပြောထားသကိုး။ ရေဒီယိုက နေ လူရွေးပွဲအစီအစဉ်ကို လွှင့်လိုက်ပြီတဲ့။

''ကျွန်တော့်အဖွဲ့တွေ အားလုံးစီစဉ်ပြီးပြီ၊ ခေါင်းစဉ်က မနက်ဖြန် အတွက် သူ့ရဲ့ကောင်းမယ်လေးနဲ့ပဲ လုပ်လိုက်တယ်၊ ဘယ်နှယ့်တုန်း၊ သဘော ကျရဲ့လား''

မနက်ဖြန်ရဲ့ သူ့ရဲ့ကောင်းမယ်ကို ယူအက်စ်မှာ အကြာကြီးနေပြီး ဂျက်ဇ်အဆိုရှင် လုပ်လာတဲ့ အသက်သုံးဆယ်လောက် အမျိုးသမီးကို ပင်တိုင်အစီအစဉ်မှူး အဖြစ်ထားပြီး လုပ်လိုက်တယ်။ တုံ့ပြန်မှုတွေကတော့ သိပ်ကောင်းသတဲ့။

''အစကတော့ ဒီအစီအစဉ်အတွက် ကျွန်တော်က ယိုကိုတာကို ကျေးဇူးကြွေးတင်ပြီ မှတ်နေတာ၊ တုံ့ပြန်မှု သိပ်ကောင်းတော့ ခု သူကတောင် ကျွန်တော့်ကို ကျေးဇူးတွေ တင်နေသေးတယ်၊ ကျွန်တော်အဖွဲ့ထဲက လူငယ်

mgyoe.com

mgyoe.com
SAMPLE BOOK


တွေက သိတဲ့အတိုင်း ရုပ်ရှင်ရူးလေးတွေကိုး၊ လူရွေးပွဲဟာ သူ့ဟာနဲ့သူ အရှိန်ရသွားတယ်၊ သူတို့ပဲ အကုန်စီစဉ်သွားကြတယ်၊ ဒါနဲ့ ဘာကား ရိုက်မှာလဲလို့တော့ လာမေးကြတယ်။ ဂျာမန်တီဗွီနဲ့ ခင်ဗျားနဲ့ပေါင်းပြီး လုပ်မယ်လို့ တစ်ခါ ခင်ဗျား ပြောဖူးတဲ့ မှတ်တမ်းရုပ်ရှင်ကို မှတ်မိလား၊ ကျောရိုးပြဿနာရှိတဲ့ ဘဲလေးကချေသည်မလေးနဲ့ သူ့ကို ငွေကြေးထောက်ပံ့ထားတဲ့ အော်တစ်ဇင်ရောဂါသည် ကောင်လေးလေ၊ ဟုတ်တယ် မဟုတ်လား၊ ဒါကို ဇာတ်လမ်းကျောရိုး ယူလိုက်မယ်၊ ခင်ဗျားကို ပရိုဂျူဆာ တစ်နေရာ ထည့်ထားလိုက်မယ်၊ တကယ်တော့ ဒါဟာ တကယ့်ကို အလားအလာကောင်းတဲ့ ဇာတ်ပါ၊ ခင်ဗျားအတွက် သတို့သမီး ရှာပေးနိုင်ရုံမကဘူး ကံကောင်းရင် ဘဝပါပြောင်းသွားနိုင်တဲ့ ရုပ်ရှင်ဖြစ်လာနိုင်တယ်၊ နတ်ဘုရားများက ပေးတဲ့ လျော်ကြေးများလား မသိ၊ ရေဒီယိုမှာ သုံးခါပဲ လွှင့်ရသေးတယ်၊ လျှောက်လွှာက နှစ်ထောင်ကျော် ရနေပြီဗျ၊ သတို့သမီး အလောင်းအလျာ နှစ်ထောင်ကျော် ကတည်းက ရွေးပေတော့၊ များလေ ကောင်းလေပေါ့ မဟုတ်ဘူးလား၊ ဒါပေမဲ့ တကယ် ရုပ်ရှင်ရိုက်ဖြစ်မယ် ဆိုရင်လည်း အဆင်သင့် ဖြစ်အောင်တော့ လုပ်ထားမယ်''

''ဂန်းစတားက လူရွေးတယ် အဖေရ၊ လူတကာနဲ့ ပရောပရီ နေတတ်တဲ့ကောင်မျိုး မဟုတ်ဘူးရယ်၊ ရီးစံက ပျာယီးပျာယာရယ်၊ အမေ စုထားတဲ့ တန်ဖိုးကြီး ပန်းကန်တွေ ခွဲခွဲပစ်နေတာ မတွေ့ဘူးလား''

''အေးပါကွာ၊ သုံးရက်တည်းပဲကို သူတို့ အဆင်ပြေမှာပါ''

သုံးရက်တည်း သွားတာကို ရှီဂေးဟာ ဗွီဒီယိုစက် တွဲလျက်ပါတဲ့ ဆယ့်ရှစ်လက်မ တီဗွီရယ်၊ စစ်ကား ဗွီဒီယိုခွေ တစ်ဒါဇင်လောက်ရယ်ကို မရရအောင် သယ်လာတယ်။ ခုလည်း ဗီယက်ကောင်းတွေ အကြောင်း တတွတ်တွတ် ပြောနေလေရဲ့။ အာအိုယာမက နားသာထောင်နေရတာ မကြားတစ်ချက် ကြားတစ်ချက်ရယ်။ စိတ်ကရွေးရမယ့် ကောင်မလေး နှစ်ထောင်ကျော် ဆီရောက်နေတယ်။ နှစ်ထောင်ဆိုပဲ၊ အင်းလေ၊ ကောင်းတာ ပေါ့၊ စိတ်က ဒါကြောင့် ကြွနေတာ။ ကြည့်စမ်း-စိတ်အခြေအနေဟာ ရှီကို ဆုံးပြီးခါစ နွေဦးကာလနဲ့ ဘယ်လောက်များ ကွာခြားလိုက်သလဲ ဆိုတာ။

mgyoe.com

mgyoe.com
SAMPLE BOOK

အဲဒီတုန်းကတော့ ကားမောင်းလာရင်း ရှီဂေး ရှေ့မှာ မငိုမိဖို့ပဲ တစ်ချိန်လုံး စဉ်းစားလာခဲ့တာ။ ဒါပေမဲ့လည်းလေ၊ အနက်ရှိုင်းဆုံး အနှာဆိုတာတောင် အချိန်တန်ရင် ကျက်စမြဲ မဟုတ်လား။ အသစ်အသစ်သော အတွေ့အကြုံတွေ၊ ဖြစ်နိုင်ခြေတွေဟာ အနှားမှာ ဝိုင်းလာစမြဲပဲလေ၊ ဒါ အမှန်တရားပါပဲ။ ဒါပေမဲ့ စိတ်လှုပ်ရှားမိတာလည်း အမှန်ပဲလေ။

ချက်အင်ဝင်ပြီးတာနဲ့ သူနဲ့ ရှီဂေး တင်းနစ် သုံးပွဲ ဆက်တိုက် ကစားမယ်။ ပြီးတော့ ဧရာမ ရေစိမ်ကန်ဝိုင်းကြီးထဲ ရေစိမ်ကြမယ်၊ တစ်ယောက်နဲ့တစ်ယောက် ဆပ်ပြာတိုက်ပေးကြမယ်၊ ကန်ကို အပေါ်စီးက မြင်ရပြီး ငါးမန်းတောင် ဟင်းချို သိပ်ကောင်းတဲ့ တရုတ်စားသောက်ဆိုင်မှာ စားကြမယ်။ ပြီးတော့ ပြန်လာပြီး ဟမ်ဘာဂါတောင်ကုန်း၊ ပလာတွန်း၊ ရမ်ဘို ဇာတ်ကားတွေ ထိုင်ကြည့်ကြမယ်။ ရိုးရိုးရှင်းရှင်း ကျန်းမာရေးနဲ့ ညီညွတ်ပြီး စိတ်ကျေနပ်စရာ အပန်းဖြေနည်းပါပဲ။

"ခု ဗီယက်ကောင်းတွေအကြောင်း အတော်သိနေပြီ အဖေရ၊ သူတို့ဟာ ဒီလောက်တောင် စွမ်းသလား"

"အင်း... တောတွင်းတိုက်ပွဲမှာတော့ ယှဉ်နိုင်သူ မရှိ ဆိုပါတော့ကွာ"

"ဂရင်းဘီရက်စ် (အမေရိကန် အထူးတပ်ဖွဲ့) ထက် သာသေးလား၊ စပက်ဇနက် (ရုရှအထူးတပ်ဖွဲ့)နဲ့ ဆိုရင်ကော"

"ဟာ... စပက်ဇနက်က ဗီယက်ကောင်းနဲ့မှ မတိုက်ဖူးတာ"

"ဟုတ်ဘူးလေ၊ တကယ်လို့သာ ယှဉ်တိုက်မယ်ဆိုရင် စပက်ဇနက်ကကော ဗီယက်ကောင်းတွေကို ရှုံးမှာလား"

"သူတို့နယ်မြေမှာ ဆိုရင်တော့ ဗီယက်ကောင်းကို ဘယ်သူမှ နိုင်မယ် မထင်ဘူး"

"တောတွင်း ထောင်ချောက်တွေနဲ့ တွေ့မှာနော်"

"ကျင်းတူး၊ အထဲမှာ ဝါးချွန်တွေစိုက်ထားပြီး အပေါ်က မြေကြီး ပါးပါး ဖုံးထားတာ၊ ဝုန်းဆို ကျသွားလို့ကတော့ ဝါးချွန်နဲ့ တံစို့ထိုးပြီးသား ဖြစ်မှာပဲ"

"ဝါးချွန်တွေမှာ အဆိပ်သုတ်ထားသေးတယ်ဆို"

mgyoe.com

mgyoe.com
SAMPLE BOOK


"အဆိပ်မဟုတ်ဘူး၊ ချီး(ချေး)တွေသုတ်ထားတာ၊ ဒါက အလကားရ တယ်လေ၊ ကျည်ဆန်တွေ၊ ဟယ်လီကော်ပတာတွေလို ဈေးမကြီးဘူးကိုး"

"ကြောက်စရာပဲနော်၊ သူတို့ အနံ့ဆိုး ရွံစရာအကောင်းဆုံး ဗက်တီးရီးယားအများဆုံး ချီး(ချေး)နဲ့ သုတ်မှာ သေချာတယ်၊ လောင်းမလား အဖေ"

ကားမောင်းရင်း ဘီတယ်လ်သီချင်းတွေ နားထောင်လာကြတယ်။ ဒါ သူတို့သားအဖ နှစ်ယောက်ကြားက ရခဲ့တဲ့ သဘောတူညီချက်အရပေါ့။ အာအိုယာမက ဂန္ထဝင်ဂီတကို နားထောင်ချင်တယ်၊ ရှီဂေးက ကိုမူရို တက်ဆူယာ သီချင်းတွေ နားထောင်ချင်တယ်၊ ဒါနဲ့ ကြားချပြီး ဘီတယ်လ် ဖြစ်သွားတာ။ အာအိုယာမဟာ ကားမောင်းရင်း နာရီကြည့်တယ်။ စီဒီဖွင့် စက်ကို ပိတ်တယ်။ တိုကျို အက်ဖ်အမ်တစ်ကို ဖွင့်တယ်။ အမျိုးသမီး တစ်ယောက်ရဲ့ တီးတိုးညင်သာတဲ့ အသံလေး ထွက်လာတယ်။

"ဟင်… အဲဒါ ဘာလဲအဖေ၊ ဘာတွေ နားထောင်နေတာလဲ"

မနက်ဖြန်ရဲ့ သူရဲကောင်းမယ်လေး၊ ခု မင်းလေး ဘယ်နားရောက် နေသလဲကွယ်၊ အိပ်မက်တွေ တကယ်ဖြစ်လာတော့မယ်ဆိုတာ မင်းလေး သိရဲ့လား၊ သတ္တိလေး နည်းနည်းရှိဖို့သာ မင်းအတွက်လိုနေတာ…။

အင်း… ဒီခရီးက ပြန်ရောက်တာနဲ့ ပဏာမ ဆန်းစစ်ချက်တွေ ရလောက်ပြီ။ အင်း… နှစ်ထောင်၊ နှစ်ထောင်၊ ကောင်မလေး အယောက် နှစ်ထောင်တဲ့လား။

❑

mgyoe.com

mgyoe.com SAMPLE BOOK

# (၃)

အဲဒီညက ဟိုတယ်အခန်းထဲမှာ ရမ်ဘိုသုံးကားတွဲ ထိုင်ကြည့်ကြတယ်။ ဖက်စ်ဘလတ် တစ်ဝက်လောက်ကျိုးတော့ ရှီဂေးက တယ်ကောင်းတဲ့ကားပဲလို့ ဥဒါန်းကျူးရင့်တယ်။ ဇာတ်ကားဆုံးတော့ သူ မျက်ရည်တွေဘာ တွေကျလို့။ ဒါပေမဲ့ ဒုတိယကားနဲ့ တတိယကားကို ဆက်ကြည့်တော့ ငြိမ်သွားတယ်။ ရမ်ဘို (၃) လည်း ဆုံးရော ဒေါသတွေ ထွက်ပါလေရော။

"ဘာတုံးဟ၊ လွန်လွန်းတယ်၊ မြင်းပေါ်က ငနဲက ဟယ်လီကော်ပတာကို မြားနဲ့ပစ်ချသတဲ့၊ ကြည့်တဲ့လူတွေအားလုံးကို စောက်ပေါ မှတ်နေလား မသိ၊ သူ့ကိုယ်သူ ဘာများထင်နေလဲ မသိ၊ ဂျင်ဂျစ်ခန် မှတ်နေတယ် ထင်တယ်"

ရမ်ဘို တတိယကား ပြီးတော့ ညနှစ်နာရီကျော်ပြီ။ ရှီဂေးက အွန်လိုင်းတက်ဦးမယ်တဲ့၊ ပြီးတော့ အခန်းထဲမှာ သူတစ်ယောက်တည်း နေချင်တယ်တဲ့၊ အဖေလို အင်တာနက်အကြောင်း၊ ကွန်ပျူတာအကြောင်း ဘာမှ မသိတဲ့လူက သူလုပ်နေတာကို လာ လာ ကြည့်နေရင် မနေတတ်ဘူးတဲ့။

"အဖေ အပြင်ထွက်ပြီး သွားသောက်နေလေ"

သားတော်မောင်ရဲ့ အမိန့်အတိုင်း အာအိုယာမဟာ ကော့ညက် တစ်ပုလင်း၊ ဖန်ခွက်တစ်ခွက်နဲ့ အခန်းထဲက ထွက်လာရတယ်။ ဟိုတယ်တစ်ခုလုံး တိတ်ဆိတ်လို့၊ ဧည့်ကြိုခန်းဘေးက နားနေခန်းကတော့ လွတ်နေတယ်။ ဆိုဖာအိအိကြီးတွေ၊ စာကြည့်မီးတွေနဲ့ အင်မတန် ကောင်းတဲ့အခန်း။ လည်ချောင်းတစ်လျှောက် ပူခနဲ ဆင်းသွားတဲ့ ကော့ညက်ကို သောက်ရင်း လူရွေးပွဲအကြောင်း၊ ရိုကို့အကြောင်းတွေ စဉ်းစားနေမိတယ်။ ရိုကို့ကို လက်လွတ်ဆုံးရှုံးလိုက်ရတာဟာ သူ့ဘဝအတွက် အလှည့်အပြောင်း တစ်ခုပဲ။ ဒါမျိုးတစ်ခါမှ မမျှော်လင့်ခဲ့ဖူးသလို ဖြစ်သွားခဲ့သမျှ ကိစ္စတွေကိုလည်း စိတ်ထဲ ဝမ်းမြောက်ဝမ်းသာ လက်ခံနိုင်စွမ်း မရှိသေးပါဘူး။ ဒါပေမဲ့လို့ မမျှော်လင့်ထားလို့ မဖြစ်ရဘူးလို့မှ မရှိဘဲ။ တစ်စချင်း တစ်ခုချင်း တည်ဆောက်ခဲ့ရတဲ့ ဘဝဆိုတာလည်း တဒင်္ဂအတွင်း အပိုင်းပိုင်း အစိတ်စိတ် ပြိုသွား ပျက်သွား

mgyoe.com

mgyoe.com
SAMPLE BOOK


နိုင်တာပဲလေ။ ဒီအတွက် ဘယ်သူ့ကိုမှ အပြစ်တင်လို့ မရပါဘူး။ ကိုယ်တိုင်ကျက်အောင် လုပ်နိုင်စွမ်းမရှိတဲ့ ဒဏ်ရာအနာတရကြီး တစ်ခု ရလိုက်ပြီးချိန်၊ လက်ခံနိုင်စွမ်း မရှိပေမယ့် လက်ခံလိုက်ရချိန်မှာတော့ နာကျင်မှုကို ကျော်လွှားနိုင်အောင် တတ်နိုင်သမျှ ကြိုးစားဖို့ပဲ ရှိတာ မဟုတ်လား။ ဘယ်လောက်နက်တဲ့ ဒဏ်ရာဖြစ်နေပါစေ၊ အချိန်က ကုစား ပေးတာပါပဲ။ နေ့ရက်တစ်ရက်ချင်းစီကို အောင်မြင်စွာ ကျော်လွှားနိုင်ဖို့ပဲ လိုတာပါ။ အချိန်တွေ ကုန်လာတာနဲ့အမျှ နာလန်ထလာတဲ့ လက္ခဏာတွေ ကို မြင်ရမှာ၊ တဖြည်းဖြည်းချင်း အနာဟာ ကျက်ပြီး အမာရွတ်အသွင် ပြောင်းသွားလိမ့်မယ်။ သားသမီးတွေ အနေနဲ့တော့ ဒါကို အပြည့်အဝ နားလည်လိမ့်မယ်လို့ မျှော်လင့်လို့ မရပါဘူး။ ရိုကို ဆုံးပြီးခါစ သုံးလေးလ လောက်မှာ ရှိဂေးဟာ အရူးအမူးပဲ၊ တင်းနစ်ရိုက် သင်တယ်၊ တင်းနစ်ကလပ် နှစ်ခုကို ဝင်တယ်၊ ဗွီဒီယိုဂိမ်းကို တမေ့တမော ကစားတယ်။ ကျောင်းမှာ ရန်ဖြစ်တယ်။ ဖူးရောင်ပေါက်ပြဲပြီး အိမ်ပြန်လာတယ်။ သူ့ အတွင်းစိတ် အစွမ်းကြ တစ်ခုခုကို အရူးအမူး လိုက်ရှာနေလို့ ခုလိုဖြစ်နေတယ်ဆိုတာ အာအိုယာမ သိပါတယ်။ ဒဏ်ရာက သည်းမခံနိုင်လောက်အောင် နာလွန်းလို့ ကြောက်လန့်တကြား ကုစားနေတာပေါ့။ တစ်ခုခုကို ရှာတွေ့သွားရင် နာကျင်မှုတွေ သက်သာသွားမှာလေ။ ကလေးတွေဟာ ဒီလိုကိစ္စမျိုးအတွက် ခံနိုင်ရည်ရှိဖို့ သိပ်ခက်တာကိုး။ သူရှာနေတဲ့အရာကို ရှိဂေး တစ်ယောက် တွေ့သွားလား ဆိုတာတော့ သေချာမသိပါဘူး။ ဂျာမန်ဂီတပညာရှင် ဘွားတော်ကြီးကို ဂျပန်ခေါ်တယ် ဆိုတာလည်း သူ့နည်းသူ့ဟန်နဲ့ အနာ ကျက်ဖို့ ကြိုးစားတာပါပဲ။ ရိုကိုသာ မသေခဲ့ရင် ဒီအလုပ်ကို ဘယ်တော့မှ လုပ်ဖြစ်မယ် မထင်။ အဲသလို မလုပ်ဖြစ်ရင် ဒီ ဂီတပညာရှင်ကြီးကိုလည်း ဆက်သွယ်ဖြစ်မှာ မဟုတ်ဘူးပေါ့။

ပေါလစ်တိုက်ထားတဲ့ ကျွန်းသားစားပွဲလေးပေါ်မှာ နယူးစ်ဝိခ် မဂ္ဂဇင်းတစ်စောင် ရှိနေတယ်။ ကြည့်ရတာ အမေရိကန် ဧည့်သည် တစ်ယောက်ယောက် ကျန်ခဲ့တာ နေမယ်။ ဒီဟိုတယ်က မန်နေဂျာကတော့ နိုင်ငံခြားမဂ္ဂဇင်းတွေ အပတ်စဉ်မှာမယ့် အစားမျိုး မဟုတ်ဘူး။ သူ လှန်လှော ကြည့်လိုက်တယ်။ မဂ္ဂဇင်းထဲက ဓာတ်ပုံတစ်ပုံကို အာရုံကျသွားတယ်။

mgyoe.com

mgyoe.com SAMPLE BOOK


နယူးယောက်က အိမ်ခြေ ရာခြေမဲ့ ကောင်လေးတစ်ယောက်ပုံ။ ပုံစာမှာတော့ ဘဝမှာ တစ်ခါမှ ပွေ့ဖက်ခြင်း မခံခဲ့ရဖူးတဲ့ ဆယ့်ခြောက်နှစ်သား ကောင်လေး တဲ့။ ဓာတ်ပုံထဲက ကောင်လေးမျက်နှာကို သူ ငေးကြည့်နေမိတယ်။ ဒဏ်ရာတွေနဲ့ချည်း တည်ဆောက်ထားတဲ့ ဘဝပိုင်ရှင်ရဲ့ မျက်နှာ။ အချိန်နဲ့၊ရည်မှန်းချက်တွေနဲ့ တည်ဆောက်ထားတာမဟုတ်ဘူး၊ ဒဏ်ရာတွေနဲ့ တည်ဆောက်ထားခဲ့တာ။ အခြားလူတစ်ယောက်ကို ဘာခံစားချက်မှ မရှိဘဲ အလွယ်တကူ သတ်ပစ်လိုက်နိုင်တဲ့ လူတစ်ယောက်ရဲ့ မျက်နှာမျိုးပေါ့။

❊

ကျွန်မ အဖေရဲ့ စီးပွားရေး ပြိုကွဲသွားတော့ ကျွန်မတို့ မိသားစုနေနေတဲ့ ဧရာမအိမ်ကြီးကနေ ဆင်းပြီး အိပ်ခန်း တစ်ခန်းတည်းပါတဲ့ တိုက်ခန်းကျဉ်းလေးကို ပြောင်းခဲ့ရတယ်။ အဖေ့မှာ အကြွေးတောင်လို ပုံနေတာ၊ ဒါပေမဲ့ သူ အမြဲလိုလို အိမ်မှာရှိနေလို့ ကျွန်မတို့ အရမ်းပျော်ခဲ့ရတာကို မှတ်မိပါသေးတယ်။ အဲဒီနှစ် နှစ်သစ်ကူးကာလမှာ အဝတ်အစားသစ်တွေနဲ့ လူတွေလမ်းမပေါ် ပြည့်နေချိန်မှာ ကျွန်မတို့မှာ ဝတ်စရာ အဝတ်အစားသစ် မရှိခဲ့ဘူး။ အခန်းကလည်း အေးစိမ့် မှောင်မိုက်လို့ပေါ့။ တစ်မိသားစုလုံး စောင်ပုံကြားမှာ ဝင်ကွေးရင်း တီဗွီကြည့်ခဲ့ကြတယ်။ ရှေးခေတ် ဟာသကားပါ။ ရယ်ရင်းနဲ့ မောလာပြီး ဓာတ်သိမ်းမှာ ငိုရတဲ့ ဓာတ်ကားမျိုးပေါ့။ အဖေရယ်၊ အမေရယ်၊ အစ်ကိုရယ်၊ ညီမလေးရယ်၊ ကျွန်မရယ် ရယ်ရင်း ငိုရင်းနဲ့ အတူ ဖြတ်သန်းခဲ့ကြရတဲ့ ကာလလေးပါ။ ဒီအတွေ့အကြုံကနေ ကျွန်မအတွက် ပြင်းပြတဲ့ ဆန္ဒတစ်ခု ပေါ်ထွန်းလာခဲ့တယ်။ တစ်နေ့မှာ အောင်မြင်ကျော်ကြားတဲ့ ရုပ်ရှင်မင်းသမီးဖြစ်ဖို့ပေါ့ . . .။

"ဘယ့်နှယ့်လဲ မဆိုးဘူး မဟုတ်လား"

ယိုရှီကာဝါက ပြောလိုက်တယ်။ ခု ယိုရှီကာဝါဟာ ဧရာမ အေဂျင်စီကြီးက မားကက်တင်း ဌာနမှူး ဖြစ်နေပြီ။ အရင် အာအိုယာမ အလုပ်လုပ်ခဲ့ဖူးတဲ့ အေဂျင်စီပေါ့။ သူ့ရုံးခန်းထဲက လျှောက်လွှာတွေ တစ်ထပ်ကြီး တင်ထားတဲ့ စားပွဲမှာ မျက်နှာချင်းဆိုင် ထိုင်ရင်း ယိုရှီကာဝါနဲ့ အာအိုယာမဟာ စကားပြောနေကြတယ်။

mgyoe.com

 mgyoe.com SAMPLE BOOK 

"ကိုယ်ရေးအကျဉ်းအပြင် ဓာတ်ပုံနဲ့ ဒီလို ဘဝဇာတ်ကြောင်း အတိုလေးတွေ ထည့်ရေးခိုင်းလိုက်တာ အတော်ကောင်းသွားတယ်၊ ဘဝဇာတ်ကြောင်းလေးတွေ ဖတ်ရတာ ဓာတ်ပုံနဲ့ ပေါင်းလိုက်တော့ လူတစ်ယောက်အကြောင်း ပိုသိလာရတယ် မဟုတ်လား၊ လျှောက်လွှာပေါင်းလေးထောင်ကျော် ရတယ် သူငယ်ချင်းရဲ့၊ စားပွဲပေါ်မှာ ရှိတာတွေက အလားအလာကောင်းတဲ့ လျှောက်လွှာ တစ်ရာပဲ။ ဒီနေ့ သုံးဆယ်ထိ ဖြတ်မယ်။ သဘောတွေတာလေးတွေ ရှိရင် ဒီဖိုင်ထဲကို ထည့်၊ အိုကေလား"

တံခါးခေါက်သံနဲ့အတူ ခပ်ငယ်ငယ် အမျိုးသမီး ဝန်ထမ်းတစ်ယောက် အာအိုယာမအတွက် လက်ဖက်ရည် လာချတယ်။ ရုံးခန်းက သိပ်မကျယ်လှပေမဲ့ သီးသန့်ဆန်တယ်။ ဆိုဖာဆက်တင်ရဲ့ မျက်နှာချင်းဆိုင်မှာ ရောမစားပွဲကြီး ရှိတယ်။ ပြီးတော့ ဂင်ဇာ ရပ်ကွက်ကို စီးမြင်ရတဲ့ မှန်နံရံကြီးနဲ့ ကာထားတယ်။ ဝန်ထမ်းအမျိုးသမီး အခန်းထဲက ထွက်သွားတာကို အာအိုယာမ လိုက်ကြည့်နေမိတယ်။ သူ့နဲ့အတူ အလုပ်လုပ်ခဲ့ဖူးတဲ့ ဓာတ်ပုံဆရာတစ်ယောက်ရဲ့ အဆိုအရ လေးဆယ်ကျော်လာရင် မိန်းမတွေကို မျက်နှာတို့၊ ရင်သားတို့ထက် ခြေထောက်ကို အရင် သတိပြုမိလာတယ်ဆိုပဲ။ ဒုတိယကမ္ဘာစစ် ပြီးချိန်ကစလို့ ဂျပန်အမျိုးသမီးတွေရဲ့ ခြေထောက်တွေဟာ သိသိသာသာ လှပလာသတဲ့။ အာအိုယာမကတော့ သိပ်သဘောမတူချင်လှဘူး။

ကော်ဖီစားပွဲပေါ်က စာရွက်ပုံကြီးကို ကြည့်ရင်း သက်ပြင်းချမိတယ်။ ဒီလုပ်ငန်းစဉ်ဟာ ဘယ်လောက်များ အဆင့်အတန်း ခွဲခြားလိုက်သလဲ။ လျှောက်လွှာလေးထောင်ကျော်ထဲက တစ်ရာကို ရွေးထုတ်ပြီး ခုစားပွဲပေါ်မှာ ပုံထားတယ်။ ကျန်တဲ့ လျှောက်လွှာ သုံးထောင့်ကိုးရာကတော့ အခန်းထောင့်က ပုံးတွေထဲ ပစ်ထည့်လိုက်မှာပေါ့။ ဒီထဲက ခုနစ်ဆယ်ကို ပယ်ရလိမ့်ဦးမယ်။ အင်း… ပယ်ရမယ်။ ကောင်းတဲ့ကိစ္စတော့ မဟုတ်ဘူးလို့ သူ တွေးနေတယ်။

"နောက်အပတ် တနင်္လာနေ့ကို အင်တာဗျူးတွေ စလုပ်မယ်၊ အနည်းဆုံး နှစ်ရက်တော့ ကြာမှာပဲ၊ အခန်းတွေဘာတွေ စီစဉ်ပြီးပြီ၊ ခင်ဗျား အားတယ် မဟုတ်လား"

mgyoe.com

mgyoe.com
SAMPLE BOOK


''ဒါနဲ့ ဒီရုပ်ရှင်ကို တကယ်ရိုက်ဖြစ်မယ်လို့ ခင်ဗျား ထင်လား''

''မပြောတတ်ဘူးဗျ၊ ဇာတ်ညွှန်းကတော့ ပြီးပြီ၊ ဖတ်ကြည့် သလောက်တော့ မဆွဲလှသေးဘူး၊ ပြီးတော့ ငွေထုတ်ပေးမဲ့လူလည်း မရှိ သေးဘူး၊ ခင်ဗျားသိတဲ့အတိုင်း ဒီတိုင်းပြည်မှာက ဒါရိုက်တာဆိုတာ ဒုတိယတန်းစားပဲ၊ ထိပ်ဆုံးမှာ အမြဲရှိနေတာကတော့ ဇာတ်ညွှန်းနဲ့ ငွေပဲလေ''

အာအိုယာမက သွားဖြဲပြလိုက်တယ်။

''ဒါဆို အခြေအနေက မကောင်းသေးဘူးပေါ့''

''ဒီမယ်၊ ကျွန်တော်တို့ရဲ့ အဓိက ရည်မှန်းချက်က ခင်ဗျားအတွက် သတို့သမီးရှာဖို့ မဟုတ်လား၊ ခုမှ နောင်တရမိတယ်တွေ ဘာတွေတော့ လာမပြောနဲ့၊ နောက်ပြန်လှည့်လို့ မရတော့ဘူး သူငယ်ချင်းရဲ့၊ ကျွန်တော်တို့ လုပ်တာတွေက မကောင်းတဲ့ ကိစ္စတစ်ခုမှ မပါပါဘူး၊ ခင်ဗျားအတွက် သတို့သမီး၊ မယားလောင်း၊ ခင်ဗျားဘဝတစ်လျှောက်လုံး လက်တွဲသွားမဲ့ လက်တွဲဖော်ကို ရှာတာလေ၊ မယားငယ်ရှာတာဆိုရင် တစ်မျိုးပေါ့ဗျ...''

''ပြီးတော့ ဓာတ်ပုံချည်း အားမကိုးနဲ့ဗျ၊ ဓာတ်ပုံက ပရိယာယ် များတယ်၊ မိန်းမတစ်ယောက်ကို နတ်သမီးလောက် လှအောင်ရော မျောက် မောင်းမလောက် ရုပ်ဆိုးအောင်ရော တတ်နိုင်တယ်၊ ကဲပါ သဘောကျတဲ့ လူတွေ့တာနဲ့ ဖိုင်ထဲထည့်နော်''

အာအိုယာမက ခေါင်းညိတ်ပြရင်း လျှောက်လွှာတွေကို စကြည့် တယ်။ အားမကိုးပါနဲ့ဆိုပေမဲ့ ဓာတ်ပုံကို စကြည့်မိတာပဲ။ ဓာတ်ပုံတွေကတော့ ပျံ့လန်နေတာပဲ၊ နောက်ကောက် ချသွားမဲ့ဟာတွေချည်းပဲ။ ဂန္ထဝင်ဂီတ လေ့လာဖူးသလား ကြည့်-ကြည့်စမ်း။ ဘဝဇာတ်ကြောင်း အက်ဆေးလေးတွေ ဖတ်ကြည့်။ အင်း... အများအားဖြင့်တော့-

မင်းသမီးကောင်း တစ်လက် ဖြစ်လာမည်ဟု ကျွန်မ ခံစားမိပါ သည်။

ကျွန်မ၏ အရည်အချင်းကို အကောင်းဆုံး ဖော်ပြနိုင်သော အလုပ် သည် သရုပ်ဆောင်ခြင်းမှတစ်ပါး အခြားမရှိ။

သရုပ်ဆောင်ဖြစ်ဖို့ မွေးဖွားလာခဲ့သော ကျွန်မ- စသည်ဖြင့် တွယ်ကြ တာချည်းပဲ။

mgyoe.com

 mgyoe.com SAMPLE BOOK 

ဘယ့်နှယ်ဟာတွေလဲ။ တစ်ခါမှ ကြိုးစားမကြည့်ဖူးဘဲ ဒီကိစ္စအတွက် သူတို့မှာ အရည်အချင်းအပြည့်လို့ ဘယ့်နှယ်ကြောင့် အပိုင်ပြောနေကြတာလဲ။ ဒါက ဘာကိုပြသလဲဆိုရင် သူတို့ လက်ရှိဘဝကို မကျေနပ်ဘူး ဆိုတာပဲ။ တကယ့်သရုပ်ဆောင် ဖြစ်ချင်တာထက် လက်ရှိ ငြီးငွေ့ဖွယ် ဘဝက ရုန်းထွက်ပြီး ရင်ခုန်စိတ်လှုပ်ရှားဖွယ် ဘဝသစ်တစ်ခုကို ရချင်တာက ပိုတယ်။ ဒီလို မိန်းမမျိုးတွေကို ဘဝလက်တွဲဖော်အဖြစ် ဘယ့်နှယ် ရွေးမတုံး။ ဓာတ်ပုံ အရတော့ တချို့တွေဟာ ရင်သပ်ရှုမော ဖြစ်ချင်စရာပဲ။ ဂီတ အကနဲ့ နိုင်ငံခြား ဘာသာစကားတွေ ကျွမ်းကျင်တယ်လို့တော့ ရေးကြတာပဲ။ ဒါပေမဲ့ မဟုတ်သေးဘူး။ တစ်ခုခု မှားနေကြတယ်။ အင်း…လျှောက်လွှာတွေ လှန်ဖတ်နေတဲ့ အာအိုယာမရဲ့ အကြည့်ဟာ တစ်နေရာမှာ ရပ်သွားတယ်။

| | | |
|---|---|---|
| အမည် | ။ | ။ ယာမာဆာကီ အဆာမီ |
| အသက် | ။ | ။ ၂၄ |
| ကိုယ်အလေးချိန် | ။ | ။ ------------ ကီလို |
| ရင် | ။ | ။ ၈၂ စင်တီမီတာ |
| ခါး | ။ | ။ ၅၄ စင်တီမီတာ |
| တင် | ။ | ။ ၈၆ စင်တီမီတာ |
| မွေးရပ် | ။ | ။ နာကာနို ရပ်ကွက်၊ တိုကျို |
| အလုပ်အကိုင် | ။ | ။ အရောင်းအဝယ်ကုမ္ပဏီတွင် နှစ်နှစ် အလုပ်လုပ်ဖူး၊ မကြာသေးမီက ကုမ္ပဏီအလုပ်မှ ထွက် |
| ဝါသနာ | ။ | ။ ဂီတ နှင့် အက (ဂန္ထဝင်ဘဲလေးအက ၁၂ နှစ် အတွေ့အကြုံရှိ) |
| ကျွမ်းကျင်မှု | ။ | ။ အက၊ စန္ဒရား၊ ကိတ်မုန့်ဖုတ်ခြင်း |

…ကုမ္ပဏီက ထွက်ပြီးတဲ့ အချိန်မှာ ကျွန်မ တွေးမိတယ်။ ကာလရှည်ကြာ အိပ်မက်ဖြစ်တဲ့ စပိန်ကို သွားပြီး အခြေချလိုက်ရရင် ကောင်းမလားပေါ့။ အဲဒီအချိန်မှာ ရေဒီယိုကနေ ဒီလူရွေးပွဲအကြောင်း ကြားလိုက်ရတယ်။ ကျွန်မလေ ကိုယ့်ကိုယ်ကိုယ် သရုပ်ဆောင် ပါရမီ

mgyoe.com

SAMPLE BOOK


ရှိတယ်လို့ မတွေးမိဖူးပါဘူး။ ဒီလျှောက်လွှာကိုလည်း အရေးတယူ ကြည့်လိမ့်မယ်လို့ မမျှော်လင့်လှပါဘူး။ ဒါပေမဲ့ ဇာတ်လမ်းကို ဖတ်မိတဲ့အခါ အရမ်းကို တိမ်းညွတ်မိတယ်။ ခါးဒဏ်ရာကြောင့် အနားယူလိုက်ရတဲ့ အကမယ် တစ်ယောက် အကြောင်းကိုး။

ကျွန်မဟာ ဘဲလေးအကကို နှစ်ပေါင်းများစွာ လေ့ကျင့်ပြီး အသက်ဆယ့်ရှစ်နှစ်မှာ တင်ပါးဒဏ်ရာကြောင့် အကမယ်ဘဝကို စွန့်လွှတ်လိုက်ရသူပါ။ အဲဒီအချိန်က လန်ဒန် ဘဲလေးကျောင်းတက်ဖို့ ပြင်ဆင်နေချိန်လေ။ ဆိုတော့ ကျွန်မအတွက် ကမ္ဘာပျက်သလိုပေါ့ရှင့်။ ဒီစိတ်ဒဏ်ရာက ပြန်နာလန်ထူဖို့ နှစ်တော်တော်ကြာအောင် အချိန်ယူလိုက်ရတယ်။ ပိုလွန်းတယ်ပဲ ဆိုဆို၊ ဒီကိစ္စဟာ သေခြင်းတရားကို လက်ခံနိုင်အောင် သင်ယူခိုင်းသလိုပါပဲ။ ဒီဒဏ်ရာဟာ ဘဝမှာ မေ့မရနိုင်လောက်အောင် ထိထိခိုက်ခိုက် ဖြစ်လွန်းတော့ ခေါင်းဆောင်မင်းသမီး နေရာက သရုပ်ဆောင်ရမှာကို ကျွန်မ အင်မတန် ခံစားနားလည်နိုင်တာပေါ့ . . .။

အာဒိုယာမဟာ ယာမာဆာကီ အဆာမိရဲ့ ဓာတ်ပုံကို အကြိမ်ပေါင်းများစွာ ကြည့်တယ်။ သူ့ဘဝအကြောင်း အက်ဆေးလေးကိုလည်း ထပ်ခါထပ်ခါ ဖတ်မိတယ်။ အက်ဆေးက အတိုလေးပေမဲ့ သိပ်ပေါ်လွင်တာပဲ။ သူ့ရဲ့ မျက်လုံးတွေ၊ နှာတံတွေ၊ တင်းတင်းစေ့ထားတဲ့ နှုတ်ခမ်းတွေကို မြင်ရတာ ရိုကို့ကို သတိရမိတယ်။

နောက်ဆုံးမှာ အင်တာဗျူးခေါ်ဖို့အတွက် သူ လျှောက်လွှာ ၃၁ စောင် ရွေးထုတ်လိုက်တယ်။ တကယ်တမ်း စိတ်ဝင်စားတာကတော့ ယာမာဆာကီ အဆာမိ တစ်ယောက်တည်းပါ။ သူ့ရုံးကို ပြန်လာတော့ သူ့ဝန်ထမ်းတွေကို လူရွေးပွဲအကြောင်း ပြောပြမိတယ်။ ရည်ရွယ်ရင်းဖြစ်တဲ့ သတို့သမီး ရှာပုံတော်ကိစ္စတော့ ဘယ်ပြောမလဲ။ ရုပ်ရှင်ဇာတ်ညွှန်း တစ်ခုပေါ် အခြေခံပြီး သရုပ်ဆောင်ရှာတာပေါ့လေ။

"ကျွန်တော်က ထုတ်လုပ်သူ တစ်ယောက် ဖြစ်ကောင်း ဖြစ်သွားနိုင်တယ်၊ ဒါပေမဲ့ ဒီကိစ္စဟာ ကျွန်တော်တို့ လုပ်ငန်းအပေါ် ဘာဆိုးကျိုးမှ သက်ရောက်မှာ မဟုတ်ပါဘူး၊ တကယ်လို့ ရုပ်ရှင်ရိုက်ဖြစ်မယ်ဆိုရင် ဇာတ်လမ်း

mgyde.com